ကြေးမုံ

The Mirror Daily

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထိမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိ(ဓမ္မပဒ-၁၂၂)


၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့။ Thursday, 11 May 2023 ၁၁၀၉၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## စိုက်ပျိုးရေးလုပ်ငန်းကို ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးသည် တစ်ဟုန်ထိုး တိုးတက်သွားနိုင်

# စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ကျေးလက်နေ ပြည်သူများ၏ဘဝများ ထူးခြားစွာ တိုးတက်ပြောင်းလဲလာမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အစည်းအဝေးတက်ရောက်လာကြသူများ ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသနပြု စိုက်ပျိုးထုတ်လုပ်ထားသည့် စပါး၊ ပဲအမျိုးမျိုး၊ ပြောင်း၊ နေကြာ၊ ဆီထွက်သီးနှံများ၊ မီးဖိုချောင်သုံးသီးနှံများ၊ ပန်းပေါင်းစုံပျားရည်များကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မေ ၁၀**

စိုက်ပျိုးရေးလုပ်ငန်းကို ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးသည် တစ်ဟုန်ထိုး တိုးတက်သွားနိုင်သည်ဟု ယုံကြည်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးစွမ်းအားမြှင့်တင်ခြင်းအားဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အဓိကထား ဆွေးနွေးပေးနိုင်ရန် ပြောကြားလိုကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပပြုလုပ်သည့် စိုက်ပျိုးစွမ်းအားမြှင့်တင်ရေး အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးသောင်းဟန်နှင့် ဦးမျိုးမြင့်ဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

ယနေ့ ဖတ်စရာ

**စစ်ကိုမရပ်ချင်သူသည်သာ စစ်ကိုအစပျိုးခဲ့သူဖြစ်သည်နှင့် ယနေ့ကမ္ဘာ့ပဋိပက္ခများ၏ တရားခံ**

ဆောင်းပါး

စာမျက်နှာ » ၆

**ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်ဘေးအန္တရာယ်အတွက် တိုင်းဒေသကြီး / ပြည်နယ်အသီးသီး၌ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်**

စာမျက်နှာ » ၁၀

**လာအိုနိုင်ငံက ပထမသုံးလပတ်အတွင်း စိုက်ပျိုးရေးထုတ်ကုန်တင်ပို့မှုမှ**



**အမေရိကန်ဒေါ်လာ ၅၀၇ သန်းကျော် ဝင်ငွေရရှိ**

စာမျက်နှာ » ၁၃

ကြေးမုံ

# တည်ငြိမ်အေးချမ်းရေး ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၁၂)ရပ်တွင် "ပြည်သူတို့၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်"၊ "တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး"တို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုတစ်ဝန်း ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို အပြည့်အဝရရှိအောင်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရှိ အချို့ဒေသများ၌ အုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရန်၊ ပြည်သူလူထု စိုးရိမ်ကြောက်လန့်မှုဖြစ်စေရန်၊ နိုင်ငံတကာမှအထင်အမြင်လွဲမှားစေရန် လက်နက်ကိုင်တိုက်ခိုက်မှုများ ပြုလုပ်နေသည့် EAO အချို့နှင့် ဒီမိုကရေစီအရေး၊ ပြည်သူ့အရေးဟု ကြွေးကြော်၍ ရဟန်းသံဃာ၊ ဆရာ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူများအား နှောင့်ယှက်ဖျက်ဆီးသတ်ဖြတ်နေသည့် CRPH ၊ NUG အကြမ်းဖက်အဖွဲ့များနှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ ဥပဒေမဲ့ကျူးလွန်မှုလုပ်ရပ်များကို မြင်တွေ့ကြားသိကြရမည်ဖြစ်သည်။

လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များသည် အကြမ်းဖက်လုပ်ရပ်များကို တစိုက်မတ်မတ် ကျူးလွန်လျက်ရှိရာတွင် မေလ ၇ ရက်နေ့ ညပိုင်းက CRPH၊ NUG အကြမ်းဖက်အဖွဲ့တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများသည် မြိတ်မြို့မှ မောတောင်သို့ ထွက်ခွာလာသည့် ခရီးသည်တင်မော်တော်ယာဉ်တစ်စီးအား လက်လုပ်မိုင်းတစ်လုံးဖောက်ခွဲ၍ တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ခရီးသွားပြည်သူတစ်ဦးသေဆုံးပြီး ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိုနေ့ညပိုင်းတွင်ပင် ကချင်ပြည်နယ် ရွှေကူမြို့နယ် သာယာကုန်းကျေးရွာအနီး နယ်မြေလုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအား KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အကြမ်းဖက်သမားများသည် ကျေးရွာမြောက်ဘက်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ရာ လုံခြုံရေးတပ်ဖွဲ့က ပြန်လည်တိုက်ခိုက်ခဲ့သဖြင့် ထွက်ပြေးသွားခဲ့ပြီး တိုက်ခိုက်မှုကြောင့် ကျေးရွာအတွင်းရှိ လူနေအိမ် ၁၅ လုံး ပျက်စီးခဲ့သည်။

မေလ ၇ ရက်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့မှ ဆီဆိုင်မြို့သို့ ထွက်ခွာလာသည့် လူသားချင်းစာနာမှုအကူအညီများပံ့ပိုးရေး AHA Centre မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ လိုက်ပါလာသောယာဉ်တန်းအား အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်သဖြင့် အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ ဖြစ်ပွားရာအနီးတစ်ဝိုက်ကို နယ်မြေခံလုံခြုံရေးတပ်ဖွဲ့များက လိုအပ်သည့်နယ်မြေလုံခြုံရေးကိစ္စများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ဖြစ်စဉ်တွင် လူထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ လုံခြုံရေးယာဉ်တစ်စီး လက်နက်ငယ်ကျည်အချို့ ထိမှန်ခဲ့သည်။

နိုင်ငံတော်အစိုးရနှင့်တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ကဏ္ဍပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်စေရေး၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းသာယာဝပြောရေး၊ နိုင်ငံတကာဆက်ဆံရေး၊ အိမ်နီးချင်းနိုင်ငံများနှင့်ဆက်ဆံရေးတို့ကို တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိစဉ် လက်နက်ကိုင်အကြမ်းဖက်သမားများက ယခုကဲ့သို့ ယုတ်မာသောလုပ်ဆောင်မှုများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်စေမည်ဖြစ်သည့်အပြင် လူသားချင်းစာနာထောက်ထားမှုအရ အထောက်အပံ့အကူအညီပေးအပ်ရေးဆောင်ရွက်မှုအပေါ် ထိခိုက်မှုဖြစ်စေသဖြင့် ယာယီတိုက်ပွဲရှောင်ပြည်သူများအတွက် အခက်အခဲများ ပိုမိုဖြစ်စေနိုင်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး လက်နက်ကိုင်အကြမ်းဖက်သမားများလက်ချက်ကြောင့် ယာယီတိုက်ပွဲရှောင်နေရသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား စောင့်ရှောက်ကူညီပံ့ပိုးပေးလျက်ရှိသည်။ ထို့အပြင် အာဆီယံတူညီဆန္ဒ (၅) ရပ်အနက် စတုတ္ထမြောက်အချက်ဖြစ်သည့် လူသားချင်းစာနာမှုအကူအညီများ ပံ့ပိုးရေးကိစ္စများတွင် အပြုသဘောဆောင်စွာဖြင့် လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး စာနာမှုအကူအညီများကို လိုအပ်သူများထံ ဖြန့်ဖြူးနိုင်ရေးနှင့် လိုအပ်သူမည်သူတစ်ဦးတစ်ယောက်မျှ မကျန်စေရေးကို လက်ကိုင်ပြုလျက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းတည်ငြိမ်ရေး၊ ပြည်သူများ လူမှုစီးပွားဘဝများ လုံခြုံစိတ်ချရေးတို့ကို နှောင့်ယှက်ဖျက်ဆီးနေသည့် လက်နက်ကိုင်အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့များက အကြမ်းဖက်မှုချေမှုန်းရေးစစ်ဆင်ရေး(Counter Terrorism Operation) ကို ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။ ။

## ၁၈-၅-၂၀၂၃ ရက်နေ့တွင် ပြတိုက်များသို့ အခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၂၀၂၃ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ (International Museum Day)အား ဂုဏ်ပြုသောအားဖြင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအောက်ရှိ ပြတိုက်များသို့ လာရောက်လေ့လာသည့် ပြည်တွင်း/ ပြည်ပ လေ့လာသူများအား ၁၈-၅-၂၀၂၃ ရက်နေ့တွင် ဝင်ကြေးငွေ အခမဲ့ဖြင့် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန

## မှော်ဘီမြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်လှစ်



မှော်ဘီ မေ ၁၀

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတို့ပူးပေါင်း၍ ဆပ်ပြာရည်၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာခဲနှင့် လက်သန့်ဆေးရည် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို မှော်ဘီမြို့နယ် အမောက်ဝဲစံပြကျေးရွာ၌ မေ ၈ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

### ရှင်းလင်းပြောကြား

ဦးစွာ မှော်ဘီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်က အမှာစကားပြောကြားပြီး ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲဇော်ထွန်းက အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အနေဖြင့် နည်းပညာပိုင်းဆိုင်ရာကို ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် သင်တန်းဆင်း သင်တန်းသား သင်တန်းသူများအား စီးပွားဖြစ် လူသုံးကုန်ထုတ်လုပ်နိုင်ရေး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို မေ ၈ ရက်မှ ၁၂ ရက်အထိ ငါးရက်ကြာဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး သင်တန်းသို့ ကျေးရွာနေပြည်သူ ၂၀ တို့ တက်ရောက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၀ - ၅ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၂၀၀ | ၂,၃၅၀ | ၁၉,၂၇၀,၀၀၀ |
| MTSH | ၂,၈၅၀ | ၂,၈၀၀ | ၅၅၀ | ၁,၅၆၇,၄၅၀ |
| MCB | ၇,၀၀၀ | ၇,၀၀၀ | ၀ | ၀ |
| FPB | ၁,၄၅၀ | ၁,၄၅၀ | ၁,၆၂၇ | ၂,၃၅၉,၁၅၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၄ | ၁၀,၀၀၀ |
| EFR | ၂,၅၅၀ | ၂,၅၅၀ | ၂၇၄ | ၆၉၈,၇၀၀ |
| AMATA | ၄,၈၀၀ | ၄,၇၀၀ | ၂၁၀ | ၁,၀၀၇,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၁၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၃၀၀.၄ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၀၃.၂၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၂.၄၃၅ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၁.၀၁ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၆၀၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၁၈.၆ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၈၂.၀ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၅၃.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၈.၆၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

❂ ရှေ့ဖုံးမှ
တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**စိုက်ပျိုးရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းဖြင့် တင်ပြဆွေးနွေးကြစေလို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးသည် နိုင်ငံတော်၏ စီးပွားရေးတွင် အဓိကကျသည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးညှိနှိုင်းသည့် အစည်းအဝေးဖြစ်ကြောင်း၊ အစည်းအဝေးတွင် စိုက်ပျိုးရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းဖြင့် တင်ပြဆွေးနွေးကြစေလိုကြောင်း၊ ယခုအစည်းအဝေးသို့ တက်ရောက်လာကြသူများသည် သက်ဆိုင်ရာ ကဏ္ဍများအလိုက် ကျွမ်းကျင်ကြသူများဖြစ်ကြကြောင်း၊ နိုင်ငံစီးပွားတိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့်အတွက် ဦးစားပေးဆောင်ရွက်ခြင်းဖြစ်ကြောင်း။

**စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ဆောင်ရွက်ပေးနိုင်ပါက ကျေးလက်နေ ပြည်သူများ၏ဘဝများ ထူးခြားစွာ တိုးတက်ပြောင်းလဲလာမည်**

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြင့် အဓိကကုန်ထုတ်လုပ်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ဂျီဒီပီတွင် စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍဟူ၍ သုံးရပ်ရှိကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ၌ စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုကဏ္ဍရှိကြောင်း၊ ထိုမှတစ်ဆင့် ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ရောင်းဝယ်မှုများကို ဆောင်ရွက်ကြခြင်းဖြစ်သဖြင့် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်ကြောင်း၊ မိမိတို့နိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်ကြပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် နှီးနွှယ်နေသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ စက်မှုကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် အခြားလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြကြောင်း၊ ၂၀၁၉ ခုနှစ် သန်းခေါင်စာရင်းအရ ၄၅ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် နှီးနွှယ်နေသူများဖြစ်ကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ကျေးလက်နေပြည်သူများ၏ဘဝများ ထူးခြားစွာတိုးတက်ပြောင်းလဲလာမည်ဟု သုံးသပ်တွေ့ရှိရကြောင်း။

**သီးထပ်စွမ်းအားများ တိုးတက်အောင် ဆောင်ရွက်မည်ဆိုပါက နိုင်ငံ့ဝင်ငွေများစွာတိုးတက်လာမည်**

စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကအားဖြင့် စပါးနှင့် ဆီထွက်သီးနှံများ၊ ပဲအမျိုးမျိုး၊ ဝါ၊ ကြံ၊ ပြောင်းနှင့် မီးဖိုချောင်သုံးသီးနှံများ၊ လက်ဖက်၊ ရော်ဘာ၊ ကော်ဖီ၊ ဆီအုန်း စသည့်စက်မှုကုန်ကြမ်းသီးနှံများကို အများဆုံးစိုက်ပျိုးကြသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးမြေများတွင် လယ်ယာမြေ၊ ဥယျာဉ်မြေများ သာမက အခြားမြေများကို ထည့်သွင်းထားသည့်အတွက် စိုက်ပျိုးဧကများ များပြားလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ စပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင်မိုးစပါးစိုက်ဧက ၁၅ သန်းရှိကြောင်း၊ ၂၀၂၂ ခုနှစ်တွင် မိုးစပါး ၁၄ ဒသမ ၉ သန်းရှိသည်ကို တွေ့ရှိရပြီး ထိုအထဲတွင် လယ်စိုက်ပျိုးမှုအနေဖြင့် ၁၃ ဒသမ ၁၇၅ သန်းရှိသည်ကို တွေ့ရှိရကြောင်း၊

- **ယခုအချိန်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမှုမရှိဘဲ ကျန်ရှိနေသည့်မြေ ၅ သန်း ၇ သိန်းကျော်ရှိသည်ကို တွေ့ရှိရ**
- **စိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေတိုးတက်လာမည်ဆိုပါက ဝယ်လိုအားနှင့် ရောင်းလိုအားများလည်း တက်လာမည်ဖြစ်သဖြင့် နိုင်ငံအတွက်များစွာ အကျိုးဖြစ်ထွန်းစေမည်**
- **စိုက်ပျိုးရန်ကျန်ရှိသည့်မြေများတွင် စိုက်ပျိုးမှုများ ဆောင်ရွက်နိုင်ရေး ဆောင်ရွက်ပေးရမည်**
- **ပြည်သူများ ဝတ်ရေးဖူလုံရေးအတွက် ဝါစိုက်ပျိုးမှုများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ပေးရမည်**
- **ဆီထွက်သီးနှံများစိုက်ပျိုးရေးနှင့် တစ်ဧကချင်း အထွက်နှုန်းများ တိုးတက်စေရေး အလေးထားဆောင်ရွက်ပေးစေလို**

ယာစိုက်ပျိုးမှုမှာ ခြောက်သိန်း၊ တောင်ယာစိုက်ပျိုးမှုမှာ ၁ ဒသမ ၉ သိန်းပါရှိပြီး ထိုအထဲတွင် အခြားမြေများလည်း ပါဝင်သည်ကိုတွေ့ရှိရကြောင်း၊ မိုးစပါးစိုက်ဧကများ၌ မိုးစပါးစိုက်ပျိုးသည့်အချိန်တွင် အခြားသီးနှံများကို ဆက်လက်စိုက်ပျိုးမည်ဆိုပါက သီးထပ်စွမ်းအားများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် အဆိုပါ မိုးစပါး စိုက်ပျိုးမြေများမှ ၁ ဒသမ ၈ သန်းခန့်တွင် နွေစပါး စိုက်ပျိုးသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးဧက ၁၃ ဒသမ ၁၇၅ သန်းတွင် သီးနှံအမျိုးမျိုးစိုက်ပျိုးမှုမှာ ၇ ဒသမ ၄၇၃ သန်းရှိသည့်အတွက် မိုးစပါးတစ်မျိုးသာ စိုက်ပျိုးမှုမှာ ၅ ဒသမ ၇၃ သန်းရှိသည်ကို တွေ့ရှိရကြောင်း။

ယခုအချိန်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမှုမရှိဘဲ ကျန်ရှိနေသည့်မြေ ၅ သန်း ၇ သိန်းကျော်ရှိသည်ကို တွေ့ရှိရကြောင်း၊ ပြီးခဲ့သည့်နှစ်တွင် မိုးစပါးထွက်ရှိမှုအနေဖြင့် တစ်ဧကလျှင် ပျမ်းမျှ ၇၂ ဒသမ ၆၄ တင်း ခန့်ထွက်ရှိသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးရန်ကျန်ရှိသည့် စိုက်ပျိုးမြေများတွင် လေးသန်းခန့်အား သီးထပ်စိုက်ပျိုးပြီး တစ်ဧကအထွက်နှုန်း ၇၂ ဒသမ ၆၄ တင်းဖြင့် တွက်ချက်မည်ဆိုပါက တင်း ၂၈၉ ဒသမ ၅၄ သန်း ထွက်ရှိမည်ဖြစ်ကြောင်း၊ တစ်တင်းလျှင် ၁၀၀၀၀ နှုန်းဖြင့် တွက်ချက်ကြည့်မည်ဆိုပါက စပါးတင်းသန်း ၂၉၀ အတွက် ဘီလီယံ ၂၉၀၀ ရရှိပြီး တိုင်းပြည်၏ စီးပွားရေးတိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေတိုးတက်လာမည်ဆိုပါက ဝယ်လိုအားနှင့် ရောင်းလိုအားများလည်း တက်လာမည်ဖြစ်သဖြင့် နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရန်ကျန်ရှိသည့်မြေများတွင် စိုက်ပျိုးမှုများ ဆောင်ရွက်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

အလားတူ အဆိုပါစိုက်ပျိုးခြင်းမရှိသည့် စိုက်ပျိုးမြေဧက လေးသန်းပေါ်တွင်အခြားသီးနှံများနှင့်ဆီထွက်သီးနှံများကို စိုက်ပျိုးနိုင်မည်ဆိုပါကလည်း စပါးကဲ့သို့ များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နှစ်စဉ်ပြည်ပမှ စားသုံးဆီများ တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေ သုံးစွဲမှုများရှိကြောင်း၊ ပြည်တွင်း စားသုံးဆီ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဆိုပါက ပြည်တွင်းဆီဖူလုံမှုကို ဖြစ်ပေါ်စေပြီး ထိုမှတစ်ဆင့် စားသုံးဆီများ ပိုလျှံလာနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်း တိုးတက်ခြင်းဖြင့် နိုင်ငံ့ဂျီဒီပီတိုးတက်နှုန်းကိုလည်း အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

**ဝတ်ရေးဖူလုံမှုရှိစေရေး ဝါစိုက်ပျိုးမှု တိုးတက်အောင်ဆောင်ရွက်**

မိမိတို့နိုင်ငံ၌ ၂၀၂၂ ခုနှစ်တွင် ဝါစိုက်ပျိုးမှုမှာ ဧက ၄ ဒသမ ၅ သိန်းခန့်ရှိကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ဝါစိုက်ပျိုးမှု ရှစ်သိန်းကျော်ရှိခဲ့ကြောင်း၊ ဝါစိုက်ပျိုးမှုများ မြှင့်တင်ရန်အတွက် ယခုအခါနိုင်ငံတော်မှ အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဝါစိုက်ပျိုးမှုများကို ယခင်စိုက်ပျိုးဧကအတိုင်း စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံအတွက်လိုအပ်သည့် ချည်မျှင်များကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ အလားတူ အဆင့်မီသည့်ဝါများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက်လည်း နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများ ဝတ်ရေးဖူလုံရေးအတွက် ဝါစိုက်ပျိုးမှုများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ချည်မျှင်ထုတ်လုပ်သည့် စက်ရုံများနှင့် အထည်ရက်လုပ်သည့်စက်ရုံများ တည်ဆောက်၍ ချည်ချောများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ သို့မှသာပြည်ပမှချည်ထည်များ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း။

**ပြည်တွင်းဆီဖူလုံမှုရှိစေရေး ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်**

ဆီထွက်သီးနှံစိုက်ပျိုးမှုအနေဖြင့် မြေပဲစိုက်ပျိုးဧက သုံးသန်း၊ နေကြာစိုက်ပျိုးဧက တစ်သန်း၊ နှမ်းစိုက်ပျိုးဧက ၃ ဒသမ ၅ သန်း စိုက်ပျိုးကြကြောင်း၊ ထိုအထဲတွင် မြေပဲတစ်ခုသာ ပန်းတိုင်ရည်မှန်းချက်ကို ပြည့်မီအောင်ထွက်ရှိကြောင်း၊ လက်ရှိစိုက်ဧကမှ မြေပဲ၊ နှမ်း၊ နေကြာနှင့် ပန်းနှမ်းများကို စနစ်တကျစိုက်ပျိုးပြီး ပန်းတိုင်ရည်မှန်းချက်ကိုပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဆီတန်ချိန်ပေါင်း ၁ ဒသမ ၃၆၉ သန်းထွက်ရှိမည်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ကိုပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဆိုပါက စားအုန်းဆီမပါဘဲ ဆီဖူလုံမှု ၂၀၀ ရာခိုင်နှုန်းကျော်လွန်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ဆီထွက်သီးနှံများ စိုက်ပျိုးရေးနှင့် တစ်ဧကချင်း အထွက်နှုန်းများ တိုးတက်စေရေး အလေးထား ဆောင်ရွက်ပေးစေလိုကြောင်း၊ ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သည့်ဆီများ စားသုံးနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စပါးစိုက်ပျိုးခြင်းနှင့် ဆီထွက်သီးနှံများကို ပန်းတိုင်ရည်မှန်းချက်ပြည့်မီစွာ ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့အတွက် ပထမခြေလှမ်းတစ်ခုဖြစ်မည်ဖြစ်ကြောင်း။

ပဲစိုက်ပျိုးမှုနှင့်ပတ်သက်၍လည်း ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲအမျိုးမျိုးအပါအဝင် ကော်ဖီနှင့် ပြောင်းတို့သည်လည်း ကမ္ဘာပေါ်တွင်လိုအပ်ချက်ရှိသည့် သီးနှံများဖြစ်ပြီး ဈေးကွက်လိုအပ်ချက်များရှိပြီးဖြစ်ကြောင်း၊ မြန်မာကော်ဖီသည်လည်း ပြည်ပဈေးကွက်ဝင်ပစ္စည်းဖြစ်သဖြင့် အောင်မြင်အောင် စိုက်ပျိုးကြရန်လိုကြောင်း၊ အလားတူ ပြောင်းသည်လည်း ပြည်ပဈေးကွက်ရှိပြီးဖြစ်သဖြင့် အဆိုပါသီးနှံများ စိုက်ပျိုးမှုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ သီးနှံများ အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်ရေး နည်းလမ်းရှာဖွေဆောင်ရွက်ကြစေလိုကြောင်း။ **စာမျက်နှာ ၄ သို့** ❂

✪ စာမျက်နှာ ၃ မှ

## စိုက်ပျိုးရေလုံလောက်စွာရရှိရေး ဆောင်ရွက်ပေးရန်လို

စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရန်အတွက် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးရှိကြောင်း၊ ထိုအထဲတွင် စိုက်ပျိုးရေ လုံလောက်စွာရရှိရေးသည် အဓိကကျကြောင်း၊ ရေကို အကျိုးရှိထိရောက်စွာ အသုံးချပြီး စိုက်ပျိုးမည်ဆိုပါက အပင်များ ရှင်သန်ဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ မြေဆီမြေလွှာကောင်းမွန်ရေးကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်နှင့် စစ်တောင်းမြစ် စသည့် မြစ်ကြီးလေးသွယ်အပြင် အခြားမြစ်ချောင်းများလည်း များစွာရှိကြောင်း၊ မြစ်ရေများကို အဟောသိကံမဖြစ်စေဘဲ အကျိုးရှိစွာ အသုံးချနိုင်ရေး နည်းလမ်းရှာဖွေ ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးအတွက် ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ အနာဂတ်တွင် နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် အလားအလာများကို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်ရှိသူများအနေဖြင့် တင်ပြစေလိုကြောင်း၊ စပါးစိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ပြီး နိုင်ငံ့စီးပွားရေးကို မြှင့်တင်ရန်လိုကြောင်း။

အချို့နေရာများတွင် စိုက်ပျိုးရေးအတွက် ရေလုံလောက်စွာ ရရှိခြင်းမရှိသည့်အတွက် စိုက်ပျိုးမှုကို ဆောင်ရွက်နိုင်ခြင်းမရှိသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးရေကို လုံလောက်စွာရရှိအောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဧရာဝတီမြစ်အနီးရှိ စိုက်ပျိုးမြေများကိုလည်း မြစ်ရေတင်စီမံကိန်းများဖြင့် ဆောင်ရွက်နိုင်ကြောင်း၊ မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများဖြင့်လည်း ဆောင်ရွက်နိုင်ကြောင်း၊ အလားတူ အချို့မြစ်ကြောင်းများတွင် Low Head Dam များ တည်ဆောက်၍ ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ ယခင်သုတေသန ပြုလုပ်ထားသည့်နေရာများမှ ရေလိုအပ်ချက်ရှိသည့် အချို့နေရာများကို ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဒွန်တွဲရေကာတာစနစ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်ဖက်မှ သွားလာသည့်စနစ်အတွက် အသုံးပြုခြင်းနှင့် တစ်ဖက်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် မြစ်ရေတင်စီမံကိန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင် အဆိုပါလုပ်ငန်းများ ဆောင်ရွက်သင့်သည့်နေရာများရှိကြောင်း၊ ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် စိုက်ပျိုးရေးလုပ်ငန်းများကို ရာသီမရွေး အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ရေကိုအဟောသိကံ အသုံးပြုခြင်းမရှိစေရေး စာသင်ကျောင်းများမှအစ အသိပညာပေး သင်ကြားပေးရန်လိုကြောင်း၊ ရေကိုစိုက်ပျိုးရေးအတွက် အသုံးပြုရာတွင် ရေပန်းစနစ်၊ အစက်ချစနစ်များဖြင့် အသုံးပြုနိုင်ရေး အသိပညာပေးရန်လိုကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးပညာရှင်များအနေဖြင့် ရေကို စနစ်တကျအသုံးချစေရေး အသိပညာပေးဆောင်ရွက်ပေးရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းကို ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏စီးပွားရေးသည် တစ်ဟုန်ထိုးတိုးတက်သွားနိုင်သည်ဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် စိုက်ပျိုးစွမ်းအားမြှင့်တင်ခြင်းအားဖြင့် နိုင်ငံ့စီးပွား မြှင့်တင်ရေးအတွက် အဓိကထားဆွေးနွေးပေးနိုင်ရန် ပြောကြားသည်။

### သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးအတွက် လိုအပ်သည့် စိုက်ပျိုးရေ လုံလောက်စွာရရှိရေး ဆောင်ရွက်သွားမည့်စီမံချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် သီးနှံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် လျာထားစီမံချက်များနှင့် စိုက်ပျိုးရေးစွမ်းအား မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးလှမိုး၊ ဦးသောင်းဟန်နှင့် ဦးမျိုးမြင့်ဦးတို့က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်၊ စိုက်ပျိုးရေ၊ နည်းပညာနှင့် ဈေးကွက်ရရှိရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရန်အတွက် ပံ့ပိုးဆောင်ရွက်နေမှုနှင့် စိုက်ပျိုးရေးကဏ္ဍတွင် အဓိကလိုအပ်သည့် စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှု အခြေအနေ၊ စိုက်ပျိုးစွမ်းအား မြှင့်တင်ရေးအတွက် ဓာတ်မြေဩဇာများ ထုတ်လုပ်ဖြန့်ဖြူးမှုနှင့် ဆက်လက်ထုတ်လုပ်ရန် လျာထားမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက စိုက်ပျိုးစွမ်းအားမြှင့်တင်ရေး ဆောင်ရွက်ထားရှိမှု၊ ဒေသတွင်းဝမ်းစာဖူလုံရေးဆောင်ရွက်ထားရှိမှုနှင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဆီအုန်းနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေးအတွက် သုတေသနပြုဆောင်ရွက်လျက်ရှိမှု၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဆည်တမံများအတွင်း ရေဝင်ရောက်မှုနည်းပါးလာခြင်းကြောင့် ရေသုံးစွဲမှုများကို ယာယီရေထိန်းဆည်များ၊ တမံများဆောက်လုပ်၍ ဆောင်ရွက်လျက်ရှိမှုနှင့် ပြည်သူများနှင့် တောင်သူများ ပါဝင်ဆောင်ရွက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ ရေအလေအလွင့်နည်းပါးစေရေး ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးသီးနှံများ ဖွံ့ဖြိုးတိုးတက်စေရေး သုတေသနပြုဆောင်ရွက်လျက်ရှိမှု၊ လယ်ယာကဏ္ဍဆိုင်ရာ သတင်းအချက်အလက်များပြုစုလျက်ရှိမှု၊ စက်မှုလယ်ယာကဏ္ဍ ဖော်ဆောင်လျက်ရှိမှုနှင့် မြေယာပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ရရှိရေးဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးနှင့် သီးထပ်စွမ်းအားမြှင့်တင်ရေးအတွက် တောင်သူများပါဝင်လာရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### တင်ပြချက်များအပေါ်ဖြည့်စွက်မှာကြား

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် လိုအပ်သကဲ့သို့ စက်မှုလယ်ယာစနစ်ဖြင့်လည်း ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ အလားတူ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဈေးကွက်များကို ဖော်ထုတ်ဆောင်ရွက်ရန်လိုကြောင်း၊ ဈေးကွက်များဖြင့် စိုက်ပျိုးခြင်းဖြင့် ကောက်ကွက်များ ပိုမိုဝင်ဆံ့နိုင်သကဲ့သို့ သီးနှံအထွက်နှုန်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ အလားတူ ခေတ်မီစက်ကိရိယာများဖြင့် စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်းများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် လေလွင့်ဆုံးရှုံးမှုများ နည်းပါးသွားမည်ဖြစ်ပြီး စက်မှုလယ်ယာစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်ခြင်းဖြင့် စိုက်ပျိုးရေးထွက်ကုန်များကို လွယ်ကူလျင်မြန်စွာဖြင့် ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း၊ လယ်မြေများဆုံးရှုံးမှုမရှိစေရေး လယ်ယာမြေများကို အခြားနည်းများဖြင့် အသုံးချခြင်းမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ဧကများတိုးချဲ့ခြင်းထက် တစ်ဧကချင်းအထွက်နှုန်းများတိုးတက်စေရေး ဆောင်ရွက်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် အဓိကကျသော မြေအောက်ရေ ထုတ်ယူသုံးစွဲရေးအတွက် မူဝါဒတိတိကျကျ သတ်မှတ်ရန်လိုကြောင်း၊ သီးနှံများအထွက်နှုန်း ကောင်းမွန်စေရန် သဘာဝမြေဩဇာ သို့မဟုတ် ဓာတ်မြေဩဇာ အသုံးပြုရန်လိုအပ်ကြောင်း၊ ဒေသအလိုက်ရရှိနိုင်သည့် သဘာဝမြေဩဇာကို ပြည့်စုံကောင်းမွန်အောင် ပြုပြင်ပြောင်းလဲထုတ်လုပ်သုံးစွဲသွားနိုင်ရန် လိုအပ်ကြောင်း၊ နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များထဲတွင် စံပြဖြစ်ရန်လိုအပ်ပါကြောင်း၊ သီးထပ်စွမ်းအားတိုးတက်စေရေး တစ်နှစ်လျှင် နှစ်သီးမှ သုံးသီးအထိ စိုက်ပျိုးရန်၊ တစ်ဧကအထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်ရန်နှင့် စိုက်ဧကများ လျော့နည်းသွားမှုမရှိအောင် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ဒေသအလိုက် ဝမ်းစာဖူလုံမှုရှိစေရန် ဒေသရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီသည့် သီးနှံများကို ပြောင်းလဲစိုက်ပျိုးရန် လိုအပ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းစိုက်ပျိုးမှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတ်မှတ်ထားသည့် စိုက်ပျိုးမြေများတွင် အပြည့်အဝစိုက်ပျိုးမှုရှိစေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ဒူးရင်းသီးစိုက်ပျိုးမှုနှင့်ပတ်သက်၍လည်း တိုးတက်အောင်ဆောင်ရွက်ရန် လိုသကဲ့သို့ ကိုကိုးများနှင့် အုန်းစိုက်ပျိုးမှုများကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်စေလိုကြောင်း၊ ဒေသအလိုက်ထွက်ရှိသည့် ရာသီသီးနှံများသည်လည်း စိုက်ပျိုးရေးတောင်သူများအတွက် ဝင်ငွေများပိုမိုရရှိစေမည်ဖြစ်သဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးရေများ လုံလောက်စွာရရှိရေး နိုင်ငံတော်အနေဖြင့် မြစ်ရေတင်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ ဒေသအလိုက်အစီအစဉ်များဖြင့်လည်း အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ ရော်ဘာများစိုက်ပျိုးရာတွင်လည်း အထွက်နှုန်းကောင်းမွန်စေရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ရော်ဘာအထွက်နှုန်းများ တိုးတက်စေရေးအတွက် စိုက်ပျိုးရာတွင် နည်းစနစ်တကျဖြင့် စိုက်ပျိုးနိုင်ရေး အသိပညာပေးဆောင်ရွက်ရန်လိုကြောင်း၊ ဆီအုန်းများစိုက်ပျိုးရာတွင်လည်း မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်နှင့် နည်းစနစ်တကျ စိုက်ပျိုးရန်လိုကြောင်း။

စိုက်ပျိုးရေနှင့်ပတ်သက်၍ အနိမ့်ဆုံးလိုအပ်ချက်ဖြစ်ရန်လိုကြောင်း၊ ရေပေးဝေမှုနှင့်ပတ်သက်၍ အလေအလွင့်အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ရေသွယ်စနစ်နှင့် ရေဖြန့်စနစ်များကို စနစ်တကျဖြင့်ဆောင်ရွက်၍ ရေကိုအကျိုးရှိရှိ အသုံးချကြစေလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး သုတေသနလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ဆောင်ရွက်သကဲ့သို့ အချို့သောလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍအနေဖြင့်လည်း ဆောင်ရွက်သင့်ကြောင်း၊ ဒေသနှင့်ကိုက်ညီသည့်သီးနှံ၊ နိုင်ငံအတွက် အဓိကအကျိုးဖြစ်ထွန်းစေမည့် သီးနှံများကို ဦးစားပေးအနေဖြင့် သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ထိန်းသိမ်းရမည့် ပေါ်ဆန်းမွှေးကဲ့သို့သော မိမိတို့နိုင်ငံ၏မျိုးရင်းများကို ထိန်းသိမ်းရန်လိုသကဲ့သို့ အထွက်နှုန်းတိုးတက်စေရန်နှင့် အရည်အသွေးများ ပိုမိုတိုးတက်လာအောင် သုတေသနပြု ဆောင်ရွက်ရန်လိုကြောင်း၊ ပန်းမန်နှင့်ပတ်သက်၍လည်း မေမြို့ပန်း၊ ဒေလီယာပန်းနှင့် အခြား မိမိတို့နိုင်ငံမှထွက်ရှိသည့် ပန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် သုတေသနပြုထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ လယ်ယာမြေ စိုက်ဧကများနှင့် စိုက်ပျိုးသည့် သီးနှံစာရင်းများ မှန်ကန်မှုရှိစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် လူသန်း ၁၀၀ အတွက် စိုက်ပျိုးမြေလုံလောက်စွာရှိရန် မျှော်မှန်း ဆောင်ရွက်ရမည်ဖြစ်သဖြင့် လယ်ယာမြေများကို အခြားနည်းများဖြင့် သုံးစွဲမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ စက်မှုလယ်ယာစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သည့် စက်ယန္တရားများကို ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်ပြီး အသုံးပြုနိုင်ရန် လိုကြောင်း၊ စက်သုံးဆီဖြင့် အသုံးပြုသည့် စက်ယန္တရားများရှိသကဲ့သို့ လျှပ်စစ်စွမ်းအားဖြင့် အသုံးပြုနိုင်သည့် စက်ယန္တရားများကိုလည်း အသုံးပြုနိုင်ရေး ရေရှည်မြော်တွေး ဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လူသားအရင်းအမြစ်များ လိုအပ်လျက်ရှိသဖြင့် စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ထူးချွန်သူများကို သက်ဆိုင်ရာဘာသာရပ်များအလိုက် အဆင့်မြင့်ပညာများကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ကြောင်း၊ လိုအပ်သည့် ဆရာ ဆရာမများ မွေးထုတ်ပေးနိုင်ရေးအတွက်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ ထူးချွန်သူများကိုလည်း ချီးမြှင့်ပေးရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တက်ရောက်လာကြသူများအနေဖြင့် ပြည့်စုံစွာရှင်းလင်းဆွေးနွေးသွားသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လိုအပ်ကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး ထုတ်လုပ်မှုကို မြှင့်တင်ပေးရန်နှင့် သီးထပ်စွမ်းအားများကို မြှင့်တင်အောင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးခြင်းနှင့် ဆီထွက်သီးနှံများကိုသာမက မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်များ စိုက်ပျိုးခြင်းသည်လည်း နိုင်ငံအတွက် ဝင်ငွေကို ပိုမိုရရှိစေမည်ဖြစ်ကြောင်း၊

❖ **စိုက်ဧကများတိုးချဲ့ခြင်းထက် တစ်ဧကချင်း အထွက်နှုန်းများ တိုးတက်စေရေး ဆောင်ရွက်မည်။ စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် အဓိကကျသော မြေအောက်ရေထုတ်ယူသုံးစွဲရေးအတွက် မူဝါဒ တိတိကျကျ သတ်မှတ်ရန်လို**

❖ **စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး သုတေသနလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ဆောင်ရွက်သကဲ့သို့ အချို့သောလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍ အနေဖြင့်လည်း ဆောင်ရွက်သင့်၊ ဒေသနှင့် ကိုက်ညီသည့်သီးနှံ၊ နိုင်ငံအတွက် အဓိကအကျိုးဖြစ်ထွန်းစေမည့်သီးနှံများကို ဦးစားပေး အနေဖြင့် သုတေသနပြုဆောင်ရွက်သွားရန်လို**

စာမျက်နှာ ၅ သို့ ✪

✪ စာမျက်နှာ ၄ မှ
ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် နယ်ပယ်ပေါင်းစုံမှ စဉ်းစား၍ ဆောင်ရွက်ကြစေလိုကြောင်း။

သုတေသနလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံ့အကျိုးစီးပွားအတွက် သုတေသနလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ မိမိတို့ပြည်သူများအနေဖြင့် အသိပညာအားနည်းသည်ကိုတွေ့ရှိရကြောင်း၊ ပညာပေးလုပ်ငန်းများကို ဆောင်ရွက်နေသူများအနေဖြင့်လည်း ပညာရှင်ဆန်ဆန်ရေးသားခြင်း၊ ထုတ်လွှင့်ခြင်းများထက် လူအများနားလည်နိုင်သည့် အသုံးအနှုန်းများဖြင့် ပညာပေးဆောင်ရွက်နိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးစလုံး ပြည့်စုံအောင် ဆောင်ရွက်မှသာ သီးနှံအထွက်နှုန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ မြေယာပြုပြင်ခြင်းလုပ်ငန်းသည် စိုက်ပျိုးရေးအတွက် အဓိကကျကြောင်း၊ ချောင်း၊ မြောင်းများအတွင်း စီးဆင်းနေသည့်ရေများကို ယာယီရေပိတ်တမံများပြုလုပ်၍ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသုံးချနိုင်ရန် လိုကြောင်း၊ စိုက်နည်းစနစ်မှန်ကန်စေရေးအတွက် ပင်ခြား၊ တန်းခြားများ မှန်ကန်ရန်လိုကြောင်း၊ သီးနှံများစိုက်ပျိုးရာတွင် စိုက်နည်းစနစ်များမှန်ကန်မှသာ အထွက်နှုန်းကောင်းမွန်မည်ဖြစ်ကြောင်း၊ သို့မှသာ အကျိုးအမြတ်များကို ရရှိခံစားနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ အချက်လေးချက်ကို လိုက်နာပြီးဆောင်ရွက်မှ မိမိတို့မျှော်မှန်းထားသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် စိုက်ပျိုးစွမ်းအား မြှင့်တင်ရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ရေခံမြေခံကောင်းများ ရှိပြီးဖြစ်သည့် မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များကို ယခင်ကထက် ပိုမိုထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်ပသို့ပို့ကုန်များ ပိုမိုတင်ပို့နိုင်မည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေများ တိုးတက်လာမည်ဖြစ်ကာ နိုင်ငံ့စီးပွားများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အစည်းအဝေးတက်ရောက်လာကြသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသနပြု စိုက်ပျိုးထုတ်လုပ်ထားသည့် စပါး၊ ပဲအမျိုးမျိုး၊ ပြောင်း၊ နေကြာ၊ ဆီထွက်သီးနှံများ၊ မီးဖိုချောင်သုံးသီးနှံများ၊ ပန်းပေါင်းစုံပျားရည်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးကို လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၀**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆာအု(ဒ်)ဘင် အဗ္ဗဒူ(လ်)လာ အယ်လ်စုဘိုင်ကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့အကြား ရှိရင်းစွဲ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုမြှင့်တင်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများ အပါအဝင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် အပြန်အလှန်နားလည်မှု၊ ထောက်ခံမှုများဖြင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရေး စသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ဂျပန်နိုင်ငံခြားသတင်းထောက်များအသင်း၏ ဥက္ကဋ္ဌဟောင်း Mr. KHALDON AZHARI ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ဂျပန်နိုင်ငံခြားသတင်းထောက်များအသင်း (Foreign Correspondent Club of Japan – FCCJ) ၏ ဥက္ကဋ္ဌဟောင်း Mr. KHALDON AZHARI ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



**ရှင်းလင်းပြောကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ကုန်သွယ်မှု အခြေအနေများ၊ အရှေ့အလယ်ပိုင်းဈေးကွက်နှင့် ဆက်စပ်ဆောင်ရွက်နိုင်မည့် ကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ပြီး Mr. KHALDON AZHARI က သိရှိလို၍ မေးမြန်းသည့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များနှင့် အလားအလာများကို ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သတင်းထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ မေလ ၁၀ ရက်

၁။ နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့်အဖွဲ့ ၁၃ ဖွဲ့ရှိပြီး ယင်းသို့ လျှောက်ထားသည့် အဖွဲ့များအနက် နိုင်ငံရေးပါတီ ၅ ပါတီကို တည်ထောင်ခွင့်ပြုပြီး ဖြစ်ပါသည်။

၂။ တည်ထောင်ခွင့်ပြုရန် ကျန်ရှိသည့် ၈ ဖွဲ့အနက် ဝံသာနုပါတီ၏ လျှောက်ထားချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ စိစစ်ပြန်ကြားချက်များအရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရပါသဖြင့် ယင်းပါတီ၏ ပါတီတည်ထောင်ခွင့် လျှောက်ထားချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေပါ ပုံစံ(၈)ဖြင့် ငြင်းပယ်လိုက်ကြောင်းနှင့် တည်ထောင်ခွင့် လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ ရွာမမြောက်ရပ်ကွက်၊ ပဒေသရာဇာလမ်း၊ အမှတ် (၇၃၁) တွင် ပါတီရုံးချုပ်တည်ရှိသော **ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၉-၅-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ၏ အလံပုံစံ**




**ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည့်ဝဆီများကို
တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ကြပါစို့

ဖြစ်ရပ်မှန်ကမ္ဘာ့မြင်ကွင်းများကြား၊ ရယူအပ်ရာ သင်ခန်းစာများ

# စစ်ကိုမရပ်ချင်သူသည်သာ စစ်ကိုအစပျိုးခဲ့သူဖြစ်သည်နှင့် ယနေ့ကမ္ဘာ့ပဋိပက္ခများ၏ တရားခံ

မိုးမြင့်



ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် ယူကရိန်းနိုင်ငံ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် ခါကိဗ်မြို့၌ ပျက်စီးသွားသော အဆောက်အအုံကို တွေ့ရစဉ်။

ယနေ့ကမ္ဘာကြီးကို ထိပ်တိုက်ရန်စောင်မှုတွေနဲ့အတူ စစ်မီးလျှံထဲ တွန်းပို့နေတာ ဘယ်သူဖြစ်မလဲဆိုပြီး မေးခွန်းထုတ်ဖြစ်ခဲ့ရင် အဖြေက အမေရိကန်နိုင်ငံရေးခေါင်းဆောင်တွေကိုပဲ ပြေးမြင်မိတယ်။

ယူကရိန်း-ရုရှား ပဋိပက္ခနဲ့အတူ ယနေ့ ကမ္ဘာ့ပဋိပက္ခပေါင်းစုံရဲ့ တရားခံ အစစ်ကို မြင်အောင်ကြည့်သင့်ပါတယ်။ သမိုင်းမှာ အမေရိကန်နဲ့ အနောက်အုပ်စုဟာ ရုရှားကို အချိန်ပြည့် ရန်လိုခဲ့ကြတယ်။ ကမ္ဘာကြီးငြိမ်းချမ်းရေးအတွက် ပူးပေါင်း အလုပ်လုပ်ကြရမယ့်အစား ရုရှားကို အမြဲဆန့်ကျင်ခဲ့ကြတယ်။ ယူကရိန်းသမ္မတ ဇာလန်စကီးကိုယ်တိုင် နှစ်ပေါင်းများစွာ သူ့ပြည်သူနဲ့ အထူးသဖြင့် ယူကရိန်းလူငယ်တွေကို ရုရှားလူမျိုးတွေအပေါ် မုန်းတီးနေအောင် စိတ်ဓာတ်ရေးရာအရ ဝါဒဖြန့်ရိုက်သွင်းထားခဲ့ကြတယ်။ အတိတ်က ညီအစ်ကိုတွေလိုနေခဲ့ကြတဲ့ ရုရှားတွေကိုဆန့်ကျင်ပြီး အနောက်အုပ်စုအလိုကျ ရုရှားဆန့်ကျင်ရေးစာပေတွေကို ယူကရိန်းကျောင်းတွေမှာ သင်ကြားပို့ချခဲ့ကြတဲ့ အထောက်အထားများစွာ ရှိပါတယ်။

**ရောဘတ်အက်ဖ်ကနေဒီဂျူနီယာရဲ့ မှတ်ချက်စကားအရ**

အထက်ပါအချက်တွေကို ၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မယ့် ဒီမိုကရက်တစ်ကိုယ်စားလှယ်လောင်း တစ်ဦးဖြစ်တဲ့ ရောဘတ်အက်ဖ်ကနေဒီ ဂျူနီယာရဲ့ မှတ်ချက်စကားကို ကိုးကားပြီး ပြောလို့ရပါတယ်။ သူ့အနေနဲ့ လက်ရှိသမ္မတ ဘိုင်ဒင်နဲ့ အစိုးရအဆက်ဆက်ကို ကိုလိုနီလက်သစ်ဝါဒီတွေအဖြစ် ဝေဖန်ခဲ့ပါတယ်။ လက်ရှိ ယူကရိန်းသမ္မတ ရုရှားမုန်းတီးရေးဝါဒီ ဇာလန်စကီးအနေနဲ့ ရုရှားနဲ့ဖြစ်မယ့်စစ်ပွဲကို " I will not join NATO" လို့ စကားလုံး ငါးလုံးသာ ပြောပြီး ရှောင်ရှားလို့ရတဲ့ အခြေအနေရှိခဲ့ပါတယ်။ ဒါပေမဲ့ သူ့အနေနဲ့ ဒီလို မလုပ်ခဲ့ဘူးလို့ ကနေဒီက ဆိုပါတယ်။ အိမ်ဖြူတော်က ကိုလိုနီလက်သစ်တွေရဲ့ ဖိအားကို လွန်ဆန်ရမယ့်အစား ရုရှားကို ပစ်မှတ်ထားတဲ့ အောဂျစ်အမျိုးအစား ရှူကလီးယားဒုံးကျည်တွေကို မိုင်ပေါင်း ၁၂၀၀ ခန့်အထိ ကပ်နေတဲ့ ရုရှားနယ်စပ်မှာ ချထားဖို့ ကြိုးစားခဲ့ပါတယ်။

ဒီအချက်ဟာ ရုရှားအစိုးရက အကြိမ်ကြိမ် သတိပေးထားတဲ့ ကျော်ဖြတ်ဖို့မသင့်တဲ့ သတ်မှတ်ချက် red line တစ်ခုပါ။ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အပြန်အလှန်လေးစားမှုနဲ့ နားလည်မှုရှိသင့်တဲ့ သတ်မှတ်စည်းတစ်ခုပါပဲ။ ကနေဒီဂျူနီယာဟာ လက်ရှိအိမ်ဖြူတော်အသိုင်းအဝိုင်းကို ဖက်ဆစ်တွေလို့ သမုတ်ခဲ့ပြီး သူတို့ဟာ ယူကရိန်းစစ်အပါအဝင် လက်ရှိ နိုင်ငံတကာရေးရာတွေမှာ အမှားများစွာ ကျူးလွန်ခဲ့ကြတယ်လို့ ဝေဖန်ခဲ့ပါတယ်။

မှန်လည်းမှန်ပါတယ်။ ယနေ့ အိမ်ဖြူတော်ရှိ neocolonialism တွေရဲ့ မဆင်မခြင် ပြုမူမှုတွေကြောင့် အချိန်မရွေး နျူစစ်ပွဲအောက်ရောက်နေတဲ့ ကမ္ဘာကြီး၊ အကျပ်အတည်းမျိုးစုံနဲ့ ဆိုးရွားလာနေတဲ့ ကမ္ဘာ့ပြည်သူတွေရဲ့ အဖြစ်တွေဟာ အလွန်ကိုမဖြစ်သင့်တဲ့ အရာတွေပဲဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလိုလားသူ ဘယ်နိုင်ငံ၊ ဘယ်ခေါင်းဆောင်မဆို အလေးအနက်ထား စဉ်းစားဆင်ခြင်ရမယ့် အရာတွေဖြစ်ပါတယ်။

ကမ္ဘာ့ပြည်သူတွေရဲ့ငြိမ်းချမ်းရေးကို အဓိကခြိမ်းခြောက်နေတဲ့ ယူကရိန်းပဋိပက္ခကို အမြန်ဖြေရှင်းရမယ့်အစား မီးလောင်ရာလေပင့် စစ်ပွဲကို ပိုကြီးမားလာအောင်၊ ယူကရိန်းပြည်သူတွေ သွေးချောင်းစီးအောင် လုပ်သလိုဖြစ်နေပါတယ်။ အကဲခတ်ရသလောက်တော့ လက်ရှိအမေရိကန်အစိုးရနဲ့ အင်္ဂလန်ကလွဲလို့ ဥရောပနိုင်ငံအများအပြား အမေရိကန်နိုင်ငံရေး ခေါင်းဆောင်အချို့အပါအဝင် ကမ္ဘာ့ပြည်သူအားလုံးက ဒီစစ်ကြီးကို အမြန်ရပ်ပြီး ငြိမ်းချမ်းချင်နေကြပါပြီဆိုတာ သိသာလာနေပါတယ်။

**NATO ကို တိုးချဲ့လို့ ဖြစ်ခဲ့တဲ့စစ်၊ ယခုလည်း အနီရောင်မျဉ်းကို ဖြတ်ကျော်ဆဲ**

ယူကရိန်းကို နေတိုးထဲ ဆွဲသွင်းဖို့ ကြံစည်ရာက အစပြု၊ ရုရှားနိုင်ငံကြီးရဲ့ အချုပ်အခြာအာဏာကို ထိပါးစေမယ့် နယ်ပယ်ချဲ့ထွင်မှုမျိုး ဘယ်တော့မှ မလုပ်ပါဘူးဆိုတဲ့ နေတိုးရဲ့ ကတိပေးထားချက်ကို ဖောက်ဖျက်ပြီး ရုရှားတို့ သတ်မှတ်ထားတဲ့ အနီရောင်မျဉ်းကို အကြိမ်ကြိမ် ကျော်ဖြတ်ခဲ့ကြတဲ့အတွက် ယနေ့အထိ မပြီးနိုင်မစီးနိုင်ဖြစ်နေရတဲ့ ရုရှား – ယူကရိန်းစစ်၊ ယခုတစ်ဖန် ကရင်မလင်နန်းတော်ကို ဒရုန်းနဲ့ တိုက်ခိုက်ခဲ့တဲ့အတွက် နှစ်ဖက်တင်းမာမှုဟာ ပိုမိုဆိုးရွားလာပြန်ပါတယ်။

နော်ဒစ်နိုင်ငံ တစ်နိုင်ငံဖြစ်တဲ့ ဖင်လန်ဟာ နေတိုးအဖွဲ့ဝင်ဖြစ်သွားတဲ့အတွက်လည်း ဒေသတွင်း ပဋိပက္ခအသွင်ဟာ ပိုပြီးကြီးထွားလာခဲ့တယ်။ ဖင်လန်တင်မက ရုရှားကို ပိုပြီးဖိအားပေးနိုင်ဖို့ ဆွီဒင်ကိုပါ နေတိုးထဲဆွဲသွင်းနေဆဲပါ။ ကာ့ဒ်ကိစ္စကြောင့် နေတိုးအဖွဲ့ဝင် တူကီယဲက လက်မခံသေးလို့သာ ဆွီဒင် နေတိုးအဖွဲ့ဝင်ဖြစ်ရေး နှောင့်နှေးနေရခြင်းဖြစ်ပါတယ်။ ဆွီဒင်သာ နေတိုးအဖွဲ့ဝင်ဖြစ်သွားရင် ရုရှားနဲ့ နေတိုးကြားမှာ အဆိုးရွားဆုံး ပိုပြီးတင်းမာလာမယ့် အနေအထားရှိပါတယ်။ ဒီအချက်ကို အမေရိကန်ကလည်း ကောင်းကောင်း သိပါတယ်။

**ကမ္ဘာသူ ကမ္ဘာသားအားလုံး အလွန်ကိုမှ စိုးရိမ်နေကြတာက ဖြစ်လာနိုင်ဖွယ်ရှိတယ်လို့ ယူဆနေကြတဲ့ တတိယကမ္ဘာစစ်ကြီးကိုပါ။ စစ်ကြီးတွေ၊ စစ်ပွဲတွေရဲ့ ဆိုးကျိုးတွေကို စစ်ဒဏ်ခံခဲ့၊ ခံရဆဲ ကမ္ဘာ့ပြည်သူတွေက ပိုပြီးစိုးရိမ်ထိတ်လန့်ကြတာ သဘာဝကျပါတယ်။ စစ်ရဲ့ ဆိုးရွားလှတဲ့ နောက်ဆက်တွဲ သက်ရောက်မှုတွေကို အမေရိကန်အပါအဝင် ကမ္ဘာ့နိုင်ငံ့ခေါင်းဆောင်အားလုံး မသိသူမရှိပါဘူး။ ဒုတိယကမ္ဘာစစ်နောက်ပိုင်း ခေတ်အဆက်ဆက် အမေရိကန်ခေါင်းဆောင်တွေဆိုတာက ကိုရီးယား၊ ဗီယက်နမ်၊ အီရတ်၊ လစ်ဗျား၊ အာဖဂန်နစ္စတန်၊ ဆီးရီးယား စတဲ့နိုင်ငံတွေကို ကျူးကျော်ဝင်ရောက်ပြီး စစ်ပွဲတွေကို ကိုယ်တိုင်ဖန်တီးယူခဲ့ကြသူတွေပါ။**

ယနေ့လည်း ယူကရိန်းစစ်မှာ ယူကရိန်းပြည်သူတွေ ဒီလောက်သေကျေဒုက္ခရောက်နေတာတောင် ဇာလန်စကီးကို လက်နက်တွေ အဆက်မပြတ်ပေးပို့ပြီး စစ်ဆက်တိုက်ခိုင်းနေတာကို ကြည့်ရင် ယူကရိန်းပြည်သူတွေရဲ့ ခံစားချက်ကို လျစ်လျူရှုရက်နိုင်တဲ့၊ အံ့ဩဝမ်းနည်းစရာကောင်းတဲ့ အမေရိကန်နိုင်ငံရေးသမားတွေရဲ့ အတ္တကိုသာ တွေ့မြင်ရပါတော့တယ်။ ထိုနည်းတူ ယူကရိန်းပြည်သူတွေနဲ့ ယူကရိန်းနိုင်ငံကြီး ပျက်စီးနေတာကိုဝမ်းသာလုံးဆို့နေကြတဲ့ အမေရိကန်လက်နက်ကုမ္ပဏီတွေနဲ့ အမေရိကန်ရေနံစီးပွားရေးသမားကြီးတွေရဲ့ ကုပ်သွေးစုပ် အမြတ်ထုတ်ကွက်တွေကိုလည်း မြင်အောင်ကြည့်စေလိုပါတယ်။

**စစ်တကယ်ဖြစ်လျှင် ဘယ်သူအကျိုးရှိနိုင်မလဲ**

စစ်ဖြစ်ရင် တကယ်အကျိုးများသွားတာက အမေရိကန်သာဖြစ်တဲ့အတွက် အမေရိကန်ကလွဲပြီး ဘယ်နိုင်ငံကမှ စစ်မဖြစ်ချင်ကြပါဘူး။ အမေရိကန်ဟာ ယူကရိန်းမှာ ရုရှားကို စစ်မီးမွှေးပေးပြီး ယခု ထိုင်ဝမ်ရေလက်ကြားမှာလည်း တရုတ်ကို မီးရှို့နေပါတယ်။ ယူကရိန်းစစ်မှာ ရုရှားကို နိုင်ငံတကာဥပဒေတွေ အပြင်းထန်ဆုံးချိုးဖောက်သူ အကြမ်းဖက်သမားအဖြစ် ပုံဖော်ပြီး ယနေ့ ယူကရိန်းစစ်ရဲ့ အဓိကလက်မည်းကြီးကို မမြင်နိုင်အောင် ဖုံးကွယ်ဖို့ကြိုးစားနေတာဖြစ်ပါတယ်။

**ဒီမိုကရေစီနဲ့ အာဏာရှင်၊ အဖျက်စွမ်းအားကြီးလက်နက်တွေနဲ့ အကြမ်းဖက်ကိစ္စ အမျိုးမျိုးအကြောင်းပြပြီး အီရတ်၊ လစ်ဗျား၊ အာဖဂန်နဲ့ ဆီးရီးယားနိုင်ငံတွေကို ဝင်ရောက်ကျူးကျော်ခဲ့ပေမယ့် တကယ့်အကြောင်းရင်းက လောဘဇောတက်နေတဲ့ အမေရိကန်နိုင်ငံရေးသမားတွေနဲ့ စီးပွားရေးသမားတွေရဲ့ အကျူးကျော်ခံရတဲ့ နိုင်ငံတွေဆီက ရေနံလောင်စာစွမ်းအင် အရင်းအမြစ်တွေကို သိမ်းပိုက်လက်ဝါးကြီးအုပ်ဖို့နဲ့ ရုရှားနဲ့ တရုတ်တို့ရဲ့ရန်ကို အကြောင်းပြပြီး အမေရိကန်လက်နက်ကုမ္ပဏီတွေကနေ လူသတ်အဖျက်လက်နက်တွေကို ကမ္ဘာပတ်ရောင်းချပြီး အမြတ်ထွက်ပေါ်ရေးက အဓိကအကြောင်းရင်းတွေသာ ဖြစ်တယ်ဆိုတာ တွေ့မြင်နိုင်ပါတယ်။**

> **"ဒီမိုကရေစီနဲ့ အာဏာရှင်၊ အဖျက်စွမ်းအားကြီးလက်နက်တွေနဲ့ အကြမ်းဖက်ကိစ္စအမျိုးမျိုး အကြောင်းပြပြီး အီရတ်၊ လစ်ဗျား၊ အာဖဂန်နဲ့ ဆီးရီးယားနိုင်ငံတွေကို ဝင်ရောက်ကျူးကျော်ခဲ့ပေမယ့် တကယ့်အကြောင်းရင်းက လောဘဇောတက်နေတဲ့ အမေရိကန်နိုင်ငံရေးသမားတွေနဲ့ စီးပွားရေးသမားတွေရဲ့ အကျူးကျော်ခံရတဲ့နိုင်ငံတွေဆီက ရေနံလောင်စာစွမ်းအင်အရင်းအမြစ်တွေကို သိမ်းပိုက်လက်ဝါးကြီးအုပ်ဖို့နဲ့ ရုရှားနဲ့တရုတ်တို့ရဲ့ရန်ကိုအကြောင်းပြပြီး အမေရိကန်လက်နက်ကုမ္ပဏီတွေကနေ လူသတ်အဖျက်လက်နက်တွေကို ကမ္ဘာပတ်ရောင်းချပြီး အမြတ်ထွက်ပေါ်ရေးက အဓိကအကြောင်းရင်းတွေသာဖြစ်တယ်ဆိုတာ တွေ့မြင်နိုင်ပါတယ်"**

စီးပွားရေးသမားတွေရဲ့ အမြတ်အစွန်းက အမေရိကန်နိုင်ငံရေး လောကအပေါ်လည်း လွှမ်းမိုးမှုရှိပြန်ပါတယ်။ ရုရှားရန်ကို အကြောင်းပြပြီး နေတိုးအဖွဲ့ဝင်အသစ် ဖင်လန်နဲ့ ဆက်စပ်နိုင်ငံတွေအပါအဝင် အချို့နေတိုးနိုင်ငံတွေဟာ ယခုကို အမေရိကန်ဆီက လက်နက်တွေ ဝယ်နေရပါပြီ။ တရုတ်ရန်ကို အကြောင်းပြပြီးမှ အမေရိကန်လက်နက်တွေဟာ ထိုင်ဝမ်နဲ့ ဆက်စပ်အာရှနိုင်ငံတွေဆီ အမေရိကန်လက်နက်တွေ စီးဝင်နေပါပြီ။ ဒ့ါပြင် ဖိလစ်ပိုင်မှာလည်း အမေရိကန်ဘက်က စစ်စခန်းတွေတည်ဆောက်ခွင့်ကို ရရှိလိုက်ပါပြီ။

**စစ်ရဲ့ဆိုးကျိုးများကို သိသော်လည်း**

စစ်ဆိုတာ မကောင်းမှန်းသိသော်လည်း ဒီမိုကရေစီအကြောင်းပြပြီး သွေးချောင်းစီးစစ်ပွဲတွေကို ဖန်တီးနေကြဆဲဖြစ်ပါတယ်။ **စာမျက်နှာ ၇ သို့** ☆

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဘိလိယက်နှင့်စနူကာ အားကစားနည်းမှ ရွှေတံဆိပ်တစ်ခုနှင့် ခြင်းလုံးအားကစားနည်းမှ ရွှေတံဆိပ်နှစ်ခု ထပ်မံဆွတ်ခူးရရှိ

**ကမ္ဘောဒီးယား မေ ၁၀**

ကမ္ဘောဒီးယားနိုင်ငံ AEON HALL, AEON MALL SEN SOK ၌ မေ ၉ ရက်ကကျင်းပသည့် ဘိလိယက်နှင့်စနူကာ အားကစားနည်း (English Billiards Singles) အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ (မြန်မာ၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယား)နိုင်ငံတို့ ဝင်ရောက်ယှဉ်ပြိုင်ကစားကြရာ မြန်မာနိုင်ငံမှ ဦးပေါက်စသည် ကမ္ဘာ့ဘိလိယက်ချန်ပီယံပြိုင်ပွဲတွင် ရွှေတံဆိပ်ခြောက်ဆုနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ခြောက်ဆုရရှိထားသော စင်ကာပူနိုင်ငံသား Mr. Peter GilChrist ကို (၃-၀) ဖြင့် အနိုင်ရရှိခဲ့ပြီး ပထမ(ရွှေတံဆိပ်ဆု)ကို လည်းကောင်း၊ စင်ကာပူနိုင်ငံမှ Mr.Peter GilChrist က ဒုတိယ(ငွေတံဆိပ်ဆု)ကိုလည်းကောင်း၊ ထိုင်းနိုင်ငံမှ Mr. Praprut Chaithanasakun နှင့် Mr.Yuttapop Pakpoj တို့က ပူးတွဲတတိယ(ကြေးတံဆိပ်ဆု)ကို လည်းကောင်း၊ 6 Red Snooker Singles (အမျိုးသား) တစ်ဦးချင်းပြိုင်ပွဲတွင် (မြန်မာ၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ လာအို၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် ကမ္ဘောဒီးယား)နိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံမှ မောင်ဟိန်းလွင်မိုးက တတိယ(ကြေးတံဆိပ်ဆု)ကို လည်းကောင်း ရရှိကြသည်။

ထို့ပြင် ဖနောင်ပင်မြို့ Basketball Hall NSTC ၌ ကျင်းပသည့် (အမျိုးသား/ အမျိုးသမီး) ခြင်းလုံးအားကစားပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား (Event- 4)ပြိုင်ပွဲ၌ (မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားနှင့် ထိုင်း) နိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံမှ မောင်မင်းသစ္စာအောင်၊ မောင်ခန့်ဝင်းဟိန်း၊ မောင်ဝေယံဖြိုး၊ မောင်ရဝေအောင်၊ မောင်ဇော်လင်းမောင်၊ မောင်ကောင်းမြတ်သီဟ၊ မောင်မင်းခန့်ဝင်းနှင့် မောင်စူဝံကျော်တို့အတွဲက ရမှတ်(၉၃)မှတ်ဖြင့် ပထမ(ရွှေတံဆိပ်ဆု)ကို လည်းကောင်း၊ ဒုတိယ(ငွေတံဆိပ်ဆု)ကို လာအိုနိုင်ငံကလည်းကောင်း၊ ပူးတွဲတတိယ(ကြေးတံဆိပ်ဆု)ကို ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံကလည်းကောင်း၊ အမျိုးသမီး (Event-4) ပြိုင်ပွဲတွင် (မြန်မာ၊ ကမ္ဘောဒီးယားနှင့် ထိုင်း)နိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံမှ မအေးအေးသန့်(ခ)မစာဥ၊ မမေဖူးဟန်၊ မသဲသဲ၊ မယဉ်မင်းသွယ်၊ မစုတွယ်တာ၊ မခိုင်ခိုင်၊ မတင်နီလာဝင်းနှင့် မမှုံနှံ့သာတို့အတွဲက ရမှတ်(၁၀၁)မှတ်ဖြင့် ပထမ(ရွှေတံဆိပ်ဆု)ကို လည်းကောင်း၊ ဒုတိယ(ငွေတံဆိပ်ဆု)ကို ထိုင်းနိုင်ငံက လည်းကောင်း၊ တတိယ(ကြေးတံဆိပ်ဆု) ကို ကမ္ဘောဒီးယားနိုင်ငံက လည်းကောင်း ရရှိကြသည်။



ခြင်းလုံးအားကစားပြိုင်ပွဲများအပြီးတွင် မြန်မာနိုင်ငံမှ ခြင်းလုံးအမျိုးသားအားကစားအဖွဲ့က မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းကို သရုပ်ပြသ၍ အလှပြခြင်းလုံးခတ်ကစားခဲ့ကြပြီးနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိခဲ့ကြသူများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

အလားတူ Chroy Changvar Convention Centre, Hall (F) ၌ ကျင်းပသည့် ဗိုဗီနမ် (အမျိုးသား/ အမျိုးသမီး) အားကစားပြိုင်ပွဲ ပွဲစဉ်များ၌ အမျိုးသမီး(၅၀)ကီလိုပြိုင်ပွဲတွင် (ထိုင်း၊ မြန်မာ၊ ဖိလစ်ပိုင်၊ လာအိုနှင့် ကမ္ဘောဒီးယား)နိုင်ငံတို့ ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာနိုင်ငံမှ မနှင်းသက်ဝေက ဒုတိယ(ငွေတံဆိပ်ဆု)၊ အမျိုးသမီး ဓားမြှောင်အတိုက်အပြပြိုင်ပွဲတွင် (ထိုင်း၊ မြန်မာ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် ကမ္ဘောဒီးယား) နိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံမှ မအိန္ဒြေဖူးနှင့် မမေဟန်နီအောင်လွင်တို့အတွဲက တတိယ (ကြေးတံဆိပ်ဆု)၊ အမျိုးသမီးနှစ်ယောက်တွဲ ဓားရှည်အတိုက်အပြပြိုင်ပွဲတွင် (ဗီယက်နမ်၊ မြန်မာ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် ကမ္ဘောဒီးယား) နိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံမှ မစုဝတီဌေးနှင့် မအိန္ဒြေဖူးတို့အတွဲက တတိယ (ကြေးတံဆိပ်ဆု)၊ အမျိုးသမီးဓားမြှောင်နှစ်လက်အပြပြိုင်ပွဲတွင် (ဗီယက်နမ်၊ မြန်မာ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် ကမ္ဘောဒီးယား)နိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံမှ မခိုင်ဝါဖူးက တတိယ (ကြေးတံဆိပ်ဆု)၊ အမျိုးသားလေးယောက်တွဲ လက်နက်ပါအပြပြိုင်ပွဲတွင် (ဗီယက်နမ်၊ မြန်မာ၊ လာအို၊ အင်ဒိုနီးရှားနှင့် ကမ္ဘောဒီးယား)နိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံမှ မောင်မနားကွီး၊ မောင်အိုက်စိုးလင်း၊ မောင်မျိုးထက်ဇော်၊ မောင်ထွန်းဝင်းနိုင်တို့အတွဲက တတိယ (ကြေးတံဆိပ်ဆု)တို့ကို ရရှိကြသည်။

ARMY STADIUM ၌ ကျင်းပသည့် ဘောလုံး (အမျိုးသမီး)ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာအသင်းက မလေးရှားအသင်းကို ငါးဂိုး - တစ်ဂိုးဖြင့် ယှဉ်ပြိုင်အနိုင်ရရှိသည်။

မေ ၉ ရက် ပြိုင်ပွဲ ပွဲစဉ်များအဖြစ် စစ်တုရင်၊ ဗိုဗီနမ်၊ တင်းနစ်၊ ခြင်းလုံး၊ ကြက်တောင်၊ ဘိလိယက်၊ ဘော်လီဘော၊ ခွန်ခမာ၊ ခရစ်ကက်၊ ဘောလုံး၊ လက်ဝှေ့နှင့် ပြေးခုန်ပစ် အားကစားပြိုင်ပွဲများကို မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ရာ ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်ငါးခု ထပ်မံရရှိကြသည်။

မေ ၁၀ ရက် ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပီတန်း၊ ဝူရှူး၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ တင်းနစ်၊ ဘိလိယက်၊ လက်ဝှေ့၊ ခွန်ခမာ၊ ဘော်လီဘော၊ ဘောလုံး၊ ပြေးခုန်ပစ်နှင့် ခရစ်ကက် အားကစားနည်းများတွင် မြန်မာနိုင်ငံမှ ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်းနှင့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ယနေ့အထိ မြန်မာနိုင်ငံမှ ရွှေတံဆိပ် ၁၄ ခု၊ ငွေတံဆိပ် ၁၁ ခုနှင့် ကြေးတံဆိပ် ၃၁ ခု စုစုပေါင်း ဆုတံဆိပ် ၅၆ ခု ဆွတ်ခူးရရှိထားပြီးဖြစ်ကြောင်း သိရသည်။

မေ ၅ ရက်မှ ၁၇ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင်အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ လိုက်လံကြည့်ရှုအားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

☆ စာမျက်နှာ ၆ မှ

**ဒီမိုကရေစီမရှိလို့ဆိုပြီး ပြည်တွင်းစစ်တွေဖန်တီး၊ သွေးကွဲအောင် သွေးခွဲ၊ ရန်တိုက်ပေး၊ အိမ်ကြက်ချင်း ခွပ်ခိုင်းပြီး ညီညွတ်မှုမရှိအောင်လုပ်...။ နဂိုကတည်းက ဒီမိုကရေစီမရှိတာက ဘာမှမဖြစ်ဘူး။ ဒီမိုကရေစီမရလို့ ရအောင်လုပ်ကာမှ လူ့အသက်တွေ မတန်တဆပေးဆပ်နေကြရတယ်။ စစ်ဒဏ်ခံနိုင်ငံတိုင်းမှာ မြို့အနှံ့၊ ရွာအဆုံး ပြိုကျပျက်စီးနေတဲ့ အဆောက်အအုံတွေ၊ သေကျေပျက်စီးမှုတွေ၊ စစ်ဘေးရှောင်ဒုက္ခသည် အနိဋ္ဌာရုံတွေနဲ့ ဘယ်လိုမှ မြင်ရက်၊ ကြားရက်စရာမရှိပါဘူး။**

ယခု ရုရှား- ယူကရိန်းစစ်မှာလည်း ဘယ်အချိန် ဘယ်လိုပြီးမယ် မသိနိုင်ပါဘူး။ လက်ရှိမှာတော့ ကမ္ဘာမှာ တရုတ်၊ ရုရှား ဦးဆောင်အုပ်စုနဲ့ အမေရိကန်နေတိုးအုပ်စု အင်အားစုနှစ်ခုဟာ မထင်မရှား စည်းရုံးလှုပ်ရှားနေကြပါပြီ။ အမေရိကန်ဟာ တစ်ဖက်မှာ ယူကရိန်းကို လက်နက်ခဲယမ်းထောက်ပံ့ပြီး ရုရှားကို ထိန်းနေသလို အရှေ့ဘက်မှာလည်း တရုတ်ကိုထိန်းဖို့၊ တရုတ်ရဲ့ထွက်ပေါက်တွေကို ပိတ်ဆို့ဖို့ လှုပ်ရှားမှုခပ်စိပ်စိပ်လေး လုပ်လာတာ သတိထားမိပါတယ်။

> ❛ အထူးသဖြင့် အနောက်ဘက်က မေ့ထားလို့မရတဲ့ ဘင်္ဂလားဒေ့ရှ်နဲ့ အာဆီယံထဲက ဖိလစ်ပိုင်မှာပါ။ တရုတ်နိုင်ငံကိုထိန်းဖို့ လှုပ်ရှားမှုဟာ မြန်မာနိုင်ငံနဲ့လည်း ဆက်စပ်နေတာမို့ အချိန်မရွေး ပေါက်ကွဲသွားနိုင်တဲ့ အဲဒီအချက်ဟာ မြန်မာပြည်သူတွေဘက်က အလေးအနက်ထားစရာ အရေးကိစ္စတစ်ခုဖြစ်နေပါတယ်။ မြန်မာပြည်တွင်းရေးကိစ္စတချို့အပေါ်မှာ ပွဲ့လန့်ဖျာခင်း၊ attention ရှာကြမယ့်သူတွေက မြန်မာပြည်သူတွေကို ကမ္ဘာ့စစ်မီးလျှံထဲ တွန်းပို့လာနိုင်မယ့်အရေးကို စေ့စေ့မြော်တွေးပြီး ခပ်လေးလေးသဘောထားသင့်ပါတယ် ❜

အထူးသဖြင့် အနောက်ဘက်က မေ့ထားလို့မရတဲ့ ဘင်္ဂလားဒေ့ရှ်နဲ့ အာဆီယံထဲက ဖိလစ်ပိုင်မှာပါ။ တရုတ်နိုင်ငံကိုထိန်းဖို့ လှုပ်ရှားမှုဟာ မြန်မာနိုင်ငံနဲ့လည်း ဆက်စပ်နေတာမို့ အချိန်မရွေး ပေါက်ကွဲသွားနိုင်တဲ့ အဲဒီအချက်ဟာ မြန်မာပြည်သူတွေဘက်က အလေးအနက်ထားစရာ အရေးကိစ္စတစ်ခုဖြစ်နေပါတယ်။ မြန်မာပြည်တွင်းရေးကိစ္စတချို့အပေါ်မှာ ပွဲ့လန့်ဖျာခင်း၊ attention ရှာကြမယ့်သူတွေက မြန်မာပြည်သူတွေကို ကမ္ဘာ့စစ်မီးလျှံထဲ တွန်းပို့လာနိုင်မယ့် အရေးကိုစေ့စေ့မြော်တွေးပြီး ခပ်လေးလေး သဘောထားသင့်ပါတယ်။

### အာရုံလွှဲကိုယ်စားပြုစစ်ပွဲ ဖန်တီးမှုများ ရှိလာနိုင်

ကမ္ဘာကြီးမှာ ယနေ့ပဋိပက္ခအခြေအနေတွေကနေ လွှန်မြောက်နိုင်ခြင်း ရှိ၊ မရှိ ဆန်းစစ်တဲ့နေရာမှာ အချို့ပဋိပက္ခတွေကို အမေရိကန်အစိုးရရဲ့ ပြည်တွင်း၊ ပြည်ပ အခြေအနေတချို့နဲ့လည်း ဆက်စပ်ပြီး စဉ်းစားနိုင်ပါတယ်။ ယူကရိန်းကို အလွန်အကျွံ ပံ့ပိုးမှုတွေနဲ့ အတူ ပြည်တွင်းမှာစီးပွားရေး ကျဆင်းလာမှု၊ အမေရိကန်ဒေါ်လာ ပုန်ကန်ခံရမှုနဲ့ ငွေကြေးအကျပ်အတည်း၊ ပြည်ပဩဇာသက်ရောက်မှု အားနည်းလာတဲ့ အခြေအနေတွေ၊ အမေရိကန်သမ္မတနဲ့ သူ့သားရဲ့ပြစ်မှုတွေကြောင့် ဒီမိုကရက်တွေအပေါ် ပြည်သူထောက်ခံမှုကျဆင်းလာတဲ့ အခြေအနေအရပ်ရပ်ကြောင့် အစိုးရရဲ့ နေဝင်ချိန်ပုံရိပ်ကို ပြန်တင်ဖို့ မလွဲမသွေ ကြိုးစားလာနိုင်ပါတယ်။

ရှုံးမှန်းသိသာလာနေတာကို အာရုံလွှဲတဲ့အနေနဲ့ ကမ္ဘာ့ဒေသတချို့မှာ ရန်စမှုတွေပြုလုပ်ပြီး ပြဿနာမျိုးစုံဖန်တီး၊ ဒေသတွင်းကိုယ်စားပြု proxy war စစ်ရေးနှိုးဆွမှုတွေ ရှိလာနိုင်ပါတယ်။ တိုက်ဆိုင်စွာပဲ တောင်ကိုရီးယားနဲ့ ပူးတွဲစစ်ရေးလေ့ကျင့်မှု အကြိမ်ကြိမ်ပြုလုပ်၊ တင်းမာနေတဲ့ ကိုရီးယားကျွန်းဆွယ်ကို နျူကလီးယားသင်္ဘောစေလွှတ်ပြီး မြောက်ကိုရီးယားကို ရန်စတာ၊ ရေနံဆီတင်သင်္ဘောကိစ္စကို ပြဿနာဖန်တီးပြီး အီရန်ကို စစ်ရေးအရဖိအားပေးတဲ့ ဒီကိစ္စရပ်တွေဟာ အမေရိကန်ရဲ့ ကျဆင်းလာတဲ့ ပုံရိပ်နဲ့အတူ ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်လာနေမှုတွေအဖြစ် သုံးသပ်မိပါတယ်။

**နိဂုံးချုပ်ရရင်တော့ ယနေ့ကမ္ဘာကြီး ငြိမ်းချမ်းရေးအတွက် ဖြေဆေးဟာ အမေရိကန် ခေါင်းဆောင်တွေအပေါ်မှာပဲ မူတည်နေပါတယ်။ ဘာရာဇီးသမ္မတ လူလာ ပြောသလို အမေရိကန်အနေနဲ့ ယူကရိန်းစစ်ကို အားပေးအားမြှောက်မပြုတော့ဘဲ ငြိမ်းချမ်းရေးအတွက် လမ်းဖွင့်ပေးနိုင်စွမ်းအားလုံးကို အသုံးချသွားမယ်ဆိုရင် အခုဖြစ်ပေါ်နေတဲ့ ပြဿနာတွေဟာ အလိုအလျောက် ချုပ်ငြိမ်းသွားနိုင်ပါတယ်။ စစ်ပွဲရဲ့ အကြောင်းတရား ဘယ်လိုပဲရှိခဲ့ရှိခဲ့ ယနေ့လက်တွေ့မှာတော့ ယူကရိန်းစစ်ပွဲကို မရပ်စေဘဲ စစ်ပွဲအရှိန်မြှင့်ဖို့ ကြိုးစားနေတဲ့ လက်သည်တရားခံဟာ ဘယ်သူလဲဆိုတာ ရှင်းနေပါတယ်။**

တရုတ်နိုင်ငံဘက်က လမ်းပြမြေပုံဆောင်မယ့် ငြိမ်းချမ်းရေးတံခါးကို ပိတ်ခဲ့တာလည်း အမေရိကန်တွေပါပဲ။ စစ်ပွဲပြီးဖို့ ငြိမ်းချမ်းရေးစကားပြောသူ မှန်သမျှ အမေရိကန်ရဲ့ အပြစ်တင်မှုက မလွတ်ကင်းခဲ့ပါဘူး။ နောက်ဆုံး ဇာလန်စကီးကိုယ်တိုင် စစ်ကိုရပ်ချင်ရင်တောင် ရပ်လို့ရမယ့်အခြေအနေကို ယခုအခါ မမြင်မိသေးပါ။ ရုပ်သေးအစိုးရတစ်ဖြစ်လဲ သမ္မတရဲ့အဖြစ်က ထိန်းချုပ်သူတွေရဲ့ကြိုးဆွဲရာကရမယ့်အဖြစ် ရောက်ရှိနေတာကို သင်ခန်းစာယူသင့်ပါတယ်။

အခုအချိန်မှာတော့ စစ်ကိုရပ်စေချင်သူနဲ့ စစ်ကိုလိုလားသူ၊ ဘယ်သူက မင်းသား၊ ဘယ်သူက လူဆိုးလဲဆိုတာ ရှင်းရှင်းလင်းလင်း မြင်နေရပါပြီ။ စစ်ကိုမရပ်စေချင်သူသည်သာ စစ်ကိုအစပျိုးသူဖြစ်ခဲ့သည်...ဆိုတဲ့ အချက်တစ်ချက်ကို တော့ ဆက်စပ်စဉ်းစားမိပါရဲ့။ ။

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းသစ်များ မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် မြန်မာ့ရုပ်ရှင်အကယ်ဒမီဆုချီးမြှင့်ပွဲတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် မေ ၁၀

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းသစ်များ မောင်မယ်သစ် လွင်ကြိုဆိုပွဲနှင့် မြန်မာ့ရုပ်ရှင် အကယ်ဒမီဆုချီးမြှင့်ပွဲတွင် ပါဝင် ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်း များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Auditorium ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်း အတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

**ဖျော်ဖြေတင်ဆက်**

ရှေးဦးစွာ Auditorium ခန်းမ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက "စိန်ရတု အလှမှန် ထာဝရ မြန်မာ့အသံ" အကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာ စကား ပြောကြားရာတွင် မိမိတို့ ဝန်ကြီးဌာနသည် နိုင်ငံတော် မီဒီယာအဖြစ် လုပ်ငန်းတာဝန်များ ကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သည် ယခင်ကထက် ပိုမိုတိုးတက် ကောင်းမွန်လာပြီး နိုင်ငံတော် အဆင့် အခမ်းအနားများတွင် ရိုက်ကူး ထုတ်လွှင့်ပြသရေးအပြင် အခမ်းအနားမှူးများ ပါဝင် ဆောင်ရွက်မှု၊ ဖျော်ဖြေရေး အစီအစဉ်များကိုလည်း အဆင့် အတန်းရှိရှိ တင်ဆက်နိုင်မှုတို့ဖြင့် လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိ နေပြီဖြစ်ကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ရောက်ရှိလာ သည့် ဝန်ထမ်းသစ်များအားလုံးကို လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါ ကြောင်း၊ နိုင်ငံတော်မီဒီယာ၏ ရည်မှန်းချက်ကို အကောင်အထည် ဖော်ဆောင်ရွက်မည့် ဝန်ထမ်းများ ဖြည့်တင်းနိုင်ခြင်းဖြစ်၍ ခွန်အား သစ်များ ရရှိခြင်းပင်ဖြစ်ကြောင်း၊ ဝန်ထမ်းဖြစ်လာသည်နှင့် ဝန်ထမ်း တစ်ယောက်၏ စည်းမျဉ်း စည်းကမ်းများကို လိုက်နာရမည့် အပြင် ပေးအပ်သောတာဝန်ကို လည်း ကောင်းမွန်ကျေပွန်စွာ ထမ်းဆောင်ရမည် ဖြစ်ကြောင်း၊ ဝန်ထမ်းများအားလုံး အနေဖြင့် ကိုယ်စီတာဝန်များကို သိရှိ နားလည်အောင် ကြိုးစား ဆောင်ရွက်ကြစေလိုကြောင်း။

**အောင်မြင်စွာကျင်းပနိုင်ခဲ့**

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲကို ပြီးပြည့်စုံသည့် အခမ်းအနား တစ်ခုအဖြစ် အောင်မြင်စွာ ကျင်းပ နိုင်ခဲ့ကြောင်း၊ ယင်းအောင်မြင်မှု သည် မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်း အားလုံး၏ ကြိုးစားမှုကြောင့် ဖြစ်ကြောင်း၊ ယင်းဆုပေးပွဲသည် အနုပညာလောက အတွက်လည်း ကြီးမားသည့် အောင်မြင်မှုတစ်ခု ဖြစ်ပြီး အနုပညာလှုပ်ရှားမှုများကို ယခင်ကဲ့သို့ ပုံမှန်ဆောင်ရွက်နိုင် တော့မည်ဟု ယုံကြည်ကြောင်း။

မိမိတို့ဝန်ကြီးဌာနကို သစ်လွင် နုပျိုသည့် ဌာနတစ်ခုဖြစ်စေရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိ ကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံတော် မီဒီယာဖြစ်ပြီး ဂုဏ်သိက္ခာပုံရိပ် မြင့်မားသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဌာနကြီးတွင် ဝန်ထမ်းများအဖြစ် တာဝန်ထမ်း ဆောင်ခွင့် ရရှိကြသည်ကို ဂုဏ်ယူ တန်ဖိုးထားကြစေ လိုကြောင်း၊ ဝန်ထမ်းများ တစ်ဦးချင်းစီ၏ လုပ်ငန်းကျွမ်းကျင် တတ်မြောက် မှုနှင့်အတူ ဂုဏ်သိက္ခာမြင့်မား အောင် ကြိုးစားအားထုတ်ပြီး ဌာန၏ဂုဏ်၊ နိုင်ငံတော်၏ပုံရိပ်ကို မြှင့်တင်နိုင်ရန် ကြိုးစားဆောင်ရွက် ကြစေလိုကြောင်း ပြောကြား သည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးက မြန်မာ့ရုပ်ရှင် အကယ်ဒမီ ဆုချီးမြှင့်ပွဲတွင် ပါဝင် ဆောင်ရွက်ခဲ့ကြသည့် မြန်မာ့ အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်း များအား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့် ရာ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းသူတို့က လက်ခံရယူကြ သည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက "တေးသရုပ်ဖော် တစ်ခန်းရပ် ပြဇာတ်" ဖြင့် ဖျော်ဖြေတင်ဆက် ကြပြီး ဝန်ထမ်းသစ်တစ်ဦးက ကျေးဇူးတင်စကား ပြောကြား သည်။

**ဖျော်ဖြေတင်ဆက်**

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက "ငြိမ်းချမ်းရေးလက် မြဲမြဲဆက်" အကဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန် ရှိသူများသည် ဝန်ထမ်းသစ်များ နှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးက အခမ်းအနားတွင် ဖျော်ဖြေ တင်ဆက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးနှင့် တာဝန်ရှိသူများသည် Training Room သို့ ရောက်ရှိပြီး သတင်းဖတ်ကြားခြင်း၊ အစီအစဉ် တင်ဆက်ခြင်းနှင့် အခမ်းအနား မှူး တာဝန်ထမ်းဆောင်ခြင်း ဆိုင်ရာ သင်တန်းဖွင့်လှစ်သင်ကြား နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ Office Canteen ၌ အရာထမ်းများ၊ ဝန်ထမ်းသစ်များနှင့် အတူ နေ့လယ်စာ အတူတကွ သုံးဆောင် ကြသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးနှင့် တာဝန်ရှိသူများသည် News Channel Studio တွင် သတင်းထုတ်လွှင့်နေမှုနှင့် Aircon Chiller တပ်ဆင်ဆောင်ရွက် ပြီးစီးမှု အခြေအနေများကိုကြည့်ရှု စစ်ဆေးကြသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ လူပျိုဆောင်၊ အပျိုဆောင်နှင့် အိမ်ထောင်သည် လိုင်းခန်းများသို့ သွားရောက်ကာ နေထိုင်စားသောက်မှု အခြေအနေ များကို ကြည့်ရှုစစ်ဆေးပြီး မီးဘေး အန္တရာယ် မဖြစ်ပေါ်စေရေး ကြိုတင် ကာကွယ်ဆောင်ရွက် သွားရန်နှင့် အိမ်ရာဝင်းအတွင်း သန့်ရှင်း သာယာလှပစေရေး ပေါင်းစပ် ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ၌ တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းသစ်များအတွက် ဖွင့်လှစ် သည့် စွမ်းရည်မြှင့်တင်ရေး သင်တန်းတွင် ပြန်ကြားရေး ဝန်ကြီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရည်မှန်းချက်၊ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ ရုပ်သံထုတ်လွှင့်မှု လုပ်ငန်းစဉ်များ နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ပို့ချမည့်ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ နှင့် ကျင့်ဝတ်ဆိုင်ရာများကို မေ ၈ ရက်မှ ၁၂ ရက်အထိ သင်တန်းသား သင်တန်းသူ ၁၃၂ ဦးအား သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းသစ်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

# အင်းစိန်မြို့နယ်ရှိ ငါးလုပ်ငန်းအတတ်သင်သိပ္ပံ(ကြို့ကုန်း)၌ ပင်လယ်ငါးဖမ်းရေလုပ်သားများအတွက် အခြေခံလုပ်ငန်းကျွမ်းကျင်မှုသင်တန်း ဒုတိယအကြိမ်ဖွင့်လှစ်

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ပင်လယ်ငါးဖမ်းရေလုပ်သားများအတွက် အခြေခံလုပ်ငန်းကျွမ်းကျင်မှု သင်တန်း ဒုတိယအကြိမ်ဖွင့်လှစ်ခြင်းကို မေ ၈ ရက် နံနက် ၉ နာရီတွင် အင်းစိန်မြို့နယ် ငါးလုပ်ငန်းအတတ်သင်သိပ္ပံ (ကြို့ကုန်း)၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ရွှေက အမှာစကားပြောကြားပြီး ဒုတိယ တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးတင့်လွင်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန မှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သင်ကြားပို့ချ**

အဆိုပါ သင်တန်းတွင် သင်တန်းသား ရေလုပ်သား ၂၀ အား လုပ်ငန်းခွင်အတွင်း ထိခိုက်မှုမရှိစေရေး၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် အသက်အန္တရာယ်ကင်းရှင်းစေရေး၊ မြန်မာ့ပင်လယ်ပြင် ငါးလုပ်ငန်း ဥပဒေဆိုင်ရာ သိကောင်းစရာများ၊ ရေယာဉ်မောင်းစောင့်ကြည့် ထိန်းချုပ်ရေးကိရိယာနှင့်ပတ်သက်သည့် ညွှန်ကြားချက်များ၊ ဆိပ်ကမ်း အကြောင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ ရှေးဦးပြုစုခြင်း၊ ငါး၊ ပုစွန်များ



ကိုင်တွယ်ခြင်း၊ အရည်အသွေးထိန်းသိမ်းခြင်းနှင့် ရေကြောင်းပညာပေး ဆိုင်ရာ သိကောင်းစရာများကို ကျွမ်းကျင်ပညာရှင်များက တစ်ရက်တာ ဒုတိယအကြိမ်သင်ကြားပို့ချပေးကြောင်း သိရသည်။

ကြေးမုံ

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ မုန်တိုင်းဘေးတုံ့ပြန်ရေးလုပ်ငန်းများ မြန်ဆန်ထိရောက်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် မေ ၁၀**

မုန်တိုင်းဘေးအရေးပေါ်တုံ့ပြန်ရေးအတွက် ကြိုတင်ပြင်ဆင်ရေးနှင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre–DMC)နှင့် တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များ အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက် ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်(၁)၊ တိုင်းဒေသကြီး/ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့နံနက် ၁၁ နာရီခွဲအချိန် ထုတ်ပြန်ချက်အရ မုန်တိုင်းငယ် အဆင့်မှ အားကောင်းသော မုန်တိုင်းငယ်အဖြစ် ရောက်ရှိနေပြီး မေ ၁၂ ရက် နံနက်ပိုင်းတွင် အားအလွန်ကောင်းသော ဆိုင်ကလုန်း မုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ မေ ၆ ရက်တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အရေးပေါ်အစည်းအဝေး ကျင်းပခဲ့ပြီး အရေးပေါ် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ချမှတ်ခဲ့ပါကြောင်း၊ အစည်းအဝေး ဆုံးဖြတ်ချက်အရ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC) ကို မေ ၈ ရက် ညနေ ၃ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ စတင်ဖွင့်လှစ်ခဲ့ပြီး လုပ်ငန်းကော်မတီ ၁၂ ခုမှ ကိုယ်စားလှယ်များ ၂၄ နာရီ တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊ DMC တွင် နေ့စဉ် ညနေ ၃ နာရီတွင် အစည်းအဝေးပြုလုပ်ပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆုံးဖြတ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ကြောင်း၊ DMC နှင့် တိုင်းဒေသကြီး/ ပြည်နယ်များ ဆက်သွယ်ရာတွင် သတင်းအချက်အလက်များ မြန်ဆန်စွာ ရရှိရေး အရေးကြီးပါကြောင်း၊ ပြည်ထောင်စုတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန ဖွင့်လှစ်ထားရှိသကဲ့သို့ နေပြည်တော် ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း တိုင်းဒေသကြီး/ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာနများ ဖွင့်လှစ် ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ် အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာနများ ၂၄ နာရီ ချိတ်ဆက် ဆောင်ရွက်နိုင်သည့် ဆက်သွယ်မှုကွန်ရက် ထူထောင်ထားရှိပြီး အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများကို မြန်ဆန်ထိရောက်စွာ ဆောင်ရွက် သွားနိုင်မည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေ၊ နည်းဥပဒေ၊ တည်မြဲအမိန့် (၂၀၂၂) တို့ကိုလည်း ရည်ညွှန်းကိုးကား ဆောင်ရွက်ရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ မေ ၆ ရက်တွင် ပြုလုပ်သည့် အမျိုးသားကော်မတီ အရေးပေါ်အစည်းအဝေး ဆုံးဖြတ်ချက်(၁၉)ချက်၊ DMC တွင် ပြုလုပ်သည့် မေ ၈ ရက် အစည်းအဝေး ဆုံးဖြတ်ချက်(၁၅)ချက်နှင့် မေ ၉ ရက် အစည်းအဝေးဆုံးဖြတ်ချက် (၁၇)ချက်တို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန(DMC) အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီးစိုးမြင့်အောင်က DMC နှင့် တိုင်းဒေသကြီး/ပြည်နယ် အလိုက် ဆက်သွယ်ဆောင်ရွက်မှု၊ သတင်း အချက်အလက်များ ကောက်ယူမည့်ပုံစံ သတ်မှတ်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ ဖြစ်သည့် နေပြည်တော်ကောင်စီအဖွဲ့ဝင်(၁) နှင့် တိုင်းဒေသကြီး/ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးများက နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ရုံးများ ဖွင့်လှစ်ဆောင်ရွက်နေမှု၊ အရေးပေါ် အစည်းအဝေးများ ပြုလုပ်မှု၊ ရှာဖွေကယ်ဆယ်ရေးနှင့် လုံခြုံရေးအတွက် ကြိုတင်စီမံထားရှိမှု၊ အရေးပေါ်စားရေရိက္ခာများ ကြိုတင်စုစည်းထားရှိမှု၊ အရေးပေါ် ထပ်မံဝယ်ယူရန်လိုအပ်မည်ဆိုပါက ရရှိနိုင်ရေး ဒေသရှိ ကုန်သည်ကြီးများနှင့် ကြိုတင်ချိတ်ဆက်ထားရှိမှု၊ အရေးပေါ်ခိုလှုံရန် နေရာများ ကြိုတင် ရွေးချယ်ထားရှိမှု၊ အရေးပေါ်ရွှေ့ပြောင်းရေး စီစဉ်ထားရှိမှု၊ ယာဉ်/စက်ယန္တရားများ၊ စက်သုံးဆီများ အသင့်ပြင်ဆင်ထားရှိမှု အခြေအနေများ၊ မိမိတိုင်းဒေသကြီး/ပြည်နယ်များ အနေဖြင့် မုန်တိုင်းဘေးမကျရောက်ခဲ့သော်လည်း လိုအပ်ပါက အခြားဘေးသင့်ဒေသများသို့ အင်အားဖြည့်ဆည်း ပူးပေါင်းပေးနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ တိုင်းဒေသကြီး/ပြည်နယ်အတွင်း ဌာနဆိုင်ရာများအပြင် ကြက်ခြေနီ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး စီမံထားရှိမှု၊ ပြန်လည်ထူထောင်ရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး လိုအပ်သည်များကိုမှာကြားသည်။

**သတင်းစဉ်**

# သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများပြုလုပ် ကယ်ဆယ်ရေးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများ အသင့်ပြင်ဆင်ထားရှိမှုများ ကြည့်ရှုစစ်ဆေး



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ကယ်ဆယ်ရေးပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မေ ၁၀**

ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသည့် လေဖိအားနည်းရပ်ဝန်းသည် တဖြည်းဖြည်း အားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိလာနိုင်ပြီး ခန့်မှန်းချက်များအရ မြန်မာနိုင်ငံဘက်သို့ ဖြတ်သန်းဝင်ရောက်နိုင်သည့် အခြေအနေရှိနေသဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များအား ဇာတ်တိုက်လေ့ကျင့်ခြင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဆောင်ရွက်လျက်ရှိသည်။

**ဇာတ်တိုက်လေ့ကျင့်မှုများဆောင်ရွက်**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့၊ မိုင်းပန်မြို့၊ မိုင်းနောင်မြို့နှင့် မိုင်းရှူးမြို့တို့ရှိ မြို့နယ်အားကစားကွင်းများ၌လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ကျေးတောပိုက်ဆိပ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌လည်းကောင်း အသီးသီးစုဖွဲ့၍ နယ်မြေခံတပ်မတော်သားများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်ပူးပေါင်း၍ ဇာတ်တိုက်လေ့ကျင့်မှုများကို ဆောင်ရွက်ကြသည်။ ယင်းသို့ ဇာတ်တိုက်လေ့ကျင့်နေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ဒေသခံပြည်သူများအား အချိန်နှင့် တစ်ပြေးညီကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးအဖွဲ့များ ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အခြား အထောက်အကူပြုပစ္စည်းများ သိုလှောင်ထားရှိခြင်း၊ မုန်တိုင်းဒဏ်ခံ ကာကွယ်ရေးအဆောက်အအုံ(Cyclone Shelter)များ ပြင်ဆင်ထားရှိခြင်း၊ ရိက္ခာအမယ်ငါးမျိုးနှင့် သောက်သုံးရေ လုံလောက်စွာရရှိရန် ဆောင်ရွက်ထားရှိခြင်းတို့ကို သက်ဆိုင်ရာ နယ်မြေအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပြင်ဆင်စုဖွဲ့ ဆောင်ရွက်ထားရှိမှုများ၊ ယာဉ်/စက်ကိရိယာများ အသင့်စုဖွဲ့ပြင်ဆင်ထားမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။

ထို့ပြင် ချင်းပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က အမှာစကားပြောကြားပြီး အစည်းအဝေးတက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်ဘေးအန္တရာယ်အတွက် တိုင်းဒေသကြီး / ပြည်နယ်အသီးသီး၌ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မေ ၁၀

ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ မီးသတ်ဦးစီးဌာနမှ မုန်တိုင်းဘေးအန္တရာယ် ကျရောက်လာပါက ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် အရေးပေါ်ပြုစုခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရေးတို့အတွက် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီး၌ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၊ ပေါင်းတည်မြို့နယ်၊ သဲကုန်းမြို့နယ်နှင့် ရွှေတောင်မြို့နယ်တို့ရှိ မီးသတ်စခန်း လေးခုတို့တွင်လည်းကောင်း၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၊ ကျိုက်မရောမြို့နယ်၊ ချောင်းဆုံမြို့နယ်၊ ဘီးလင်းမြို့နယ်၊ မော်လမြိုင်မြို့နယ်၊ မုဒုံမြို့နယ်၊ ရေးမြို့နယ်၊ သံဖြူဇရပ်မြို့နယ်တို့ရှိ မီးသတ်စခန်း ၁၀ ခု တို့တွင်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၊ ဘုတ်ပြင်းမြို့နယ်၊ လောင်းလုံးမြို့နယ်၊ သရက်ချောင်းမြို့နယ်တို့ရှိ မီးသတ်စခန်း လေးခုတို့တွင်လည်းကောင်း၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်နှင့် စစ်တွေမြို့နယ်တို့ရှိ မီးသတ်စခန်း နှစ်ခုတို့တွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့ရှိ မီးသတ်စခန်း နှစ်ခုတို့တွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်နှင့် အင်္ဂပူမြို့နယ်တို့ရှိ မီးသတ်စခန်း နှစ်ခုတို့တွင်လည်းကောင်း မုန်တိုင်းဘေးအန္တရာယ် ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် အရေးပေါ်ပြုစုခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် အသင့်ကြိုတင်ပြင်ဆင်ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များ၊ ခရိုင်များ၊ မြို့နယ်များအလိုက် ပြည်သူများအနေဖြင့် မုန်တိုင်းဘေးအန္တရာယ်နှင့် ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ကလောမြို့နယ်၌ သဘာဝဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လူမှုရေးအသင်းအဖွဲ့များ စုဖွဲ့ဆောင်ရွက်ခြင်းနှင့် လိုအပ်မည့် ပစ္စည်းကိရိယာများ ကြိုတင်စီစဉ်ဆောင်ရွက်ထားမှုကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။



တန့်ယန်းမြို့နယ်၌ သဘာဝဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားရှိမှုနှင့် လိုအပ်မည့်ပစ္စည်းကိရိယာများ ကြိုတင်စီစဉ်ဆောင်ရွက်ထားမှုကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။



အင်းစိန်မြို့နယ်၌ သဘာဝဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားရှိမှုကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။



ယင်းမာပင်မြို့နယ်၌ သဘာဝဘေးအန္တရာယ် ကျရောက်ပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပစ္စည်းကိရိယာများ အသင့်စုဖွဲ့ထားရှိမှုနှင့် လက်တွေ့သရုပ်ပြခြင်းဆောင်ရွက်စဉ်။



ခရမ်းမြို့နယ် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက မုန်တိုင်းအန္တရာယ် ကျရောက်ပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်စဉ်။

## သထုံမြို့နယ်၌ မုန်တိုင်းအန္တရာယ် သတိပြု ကြိုတင်ကာကွယ်ရေး အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်

သထုံ မေ ၁၀

မွန်ပြည်နယ် သထုံမြို့နယ်၌ မြို့နယ်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုကော်မတီ၏စီမံမှုဖြင့် တာဝန်ရှိသူများ ပူးပေါင်းကာ မုန်တိုင်းအန္တရာယ် သတိပြုကြိုတင်ကာကွယ်ရေး အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်ခြင်း ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ယနေ့နံနက်က လိုက်လံပြုလုပ်ခဲ့ကြသည်။

**အသိပေးနှိုးဆော်**

ထိုသို့ဆောင်ရွက်ရာတွင် သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်းကာ သထုံမြို့မ(၅)ရပ်ကွက်ရှိ အဝေးပြေးလမ်းမကြီးများ၊ ဈေးများ၊ လမ်းဆုံလမ်းခွများနှင့် လူစည်ကားရာနေရာများတွင် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်များအား မိဘပြည်သူများ သိရှိလိုက်နာနိုင်ရေးနှင့် မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး သိရှိလိုက်နာရမည့်အချက်များကို အသံချဲ့စက်ဖြင့် လိုက်လံအသိပေးနှိုးဆော်ကာ မုန်တိုင်းအန္တရာယ် သတိပြုကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




## မိတ္ထီလာ၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မိတ္ထီလာ မေ ၁၀

မိတ္ထီလာမြို့၌ သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီခွဲတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသော ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက သဘာဝဘေးအန္တရာယ် ကျရောက်မည်ဆိုပါက ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ကြိုတင်ပြင်ဆင်ထားမှု အခြေအနေများနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးက ပြန်လည်ပေါင်းစပ်ညှိနှိုင်းဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## အလုံမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဟောပြောပွဲ ပြုလုပ်

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် စောရန်ပိုင်အနောက်ရပ်ကွက် သစ်တောဝင်းဓမ္မာရုံ၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာဟောပြောပွဲကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် ပြုလုပ်သည်။



အဆိုပါဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့တို့က မိုးကောင်းသစ်ဆိပ်ဝင်းနေပြည်သူများအား နှာခေါင်းစည်းများ ဝေငှပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပေး၊ သတိပေးချက်များနှင့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ မြို့နယ်မှစီစဉ်ဆောင်ရွက်ထားရှိမှုများ၊ ပြည်သူများ သိရှိလိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများ၊ တွေ့ကြုံရတတ်သည့် လျှပ်စစ်အန္တရာယ်တို့ကို အသေးစိတ်ဆွေးနွေးရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **မောင်မောင်(လျှပ်စစ်)**

## မောင်တောမြို့၌ မုန်တိုင်းဘေးအန္တရာယ် အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**မောင်တော မေ ၁၀**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ဆိုင်ကလုန်းမုန်တိုင်း ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က ယနေ့ နံနက် ၇ နာရီတွင် လူစည်ကားရာနေရာများသို့ သွားရောက်၍ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေသည်။

လက်ကမ်းစာစောင်တွင် မုန်တိုင်းမဖြစ်ခင် ကြိုတင်ပြင်ဆင်ရန်အချက်များ၊ မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ၊ မုန်တိုင်းဖြစ်ပေါ်နေစဉ်အချိန်တွင် လိုက်နာရန် ဆောင်ရွက်ရမည့်အချက်များ၊ မုန်တိုင်းဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန် အချက်များ၊ ဆောင်ရန်ရှောင်ရန်အချက်များ ပါဝင်သည်။

**ခရိုင်(ပြန်/ဆက်)**

# (၁၇)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေးသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်





**နေပြည်တော် မေ ၁၀**

ဖိလစ်ပိုင်ရေတပ်က ယနေ့နံနက်ပိုင်းတွင် လက်ခံကျင်းပပြုလုပ်သည့် (၁၇) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး (17th ASEAN Navy Chiefs' Meeting – 17th ANCM) သို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ခဲ့သည်။ အစည်းအဝေးသို့ အာဆီယံနိုင်ငံ ရေတပ်များမှ ရေတပ်ဦးစီးချုပ်များ၊ လာအိုနိုင်ငံမှ စစ်ဦးစီးဌာနဒုတိယအကြီးအကဲနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အစည်းအဝေးကို ဖွင့်လှစ်ပေး**

ဦးစွာ အစည်းအဝေး၏ သဘာပတိဖြစ်သူ ဖိလစ်ပိုင်နိုင်ငံ ရေတပ်ဦးစီးချုပ် Vice Admiral TORIBIO D ADACI JR PN က (၁၇) ကြိမ်မြောက် အာဆီယံ ရေတပ်ဦးစီးချုပ်များ အစည်းအဝေး အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားပြီး အစည်းအဝေးကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ယခင်နှစ် (၁၆) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးမှတ်တမ်းအား အတည်ပြုကြသည်။ ဆက်လက်၍ ANCM အမြဲတမ်းပူးတွဲအတွင်းဝန်က ဒေသတွင်းပင်လယ်ရေကြောင်းလုံခြုံရေးအခြေအနေများကို အကျဉ်းချုပ် တင်ပြဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသော အာဆီယံရေတပ်ဦးစီးချုပ်များက Synergy at Sea: Regional Cohesion for Peace and Stability (ပင်လယ်ပြင်တွင် စုပေါင်းညှိနှိုင်းဆောင်ရွက်မှုအကျိုးရလဒ်၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် ဒေသတွင်းစည်းလုံးမှု) ခေါင်းစဉ်အား နိုင်ငံအလိုက် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်က အာဆီယံဒေသသည် ရေကြောင်းကုန်သွယ်မှုအတွက် အချက်အချာမဟာဗျူဟာဒေသဖြစ်သဖြင့် အခွင့်အလမ်းနှင့်အတူ စိန်ခေါ်မှုများပါ ဒွန်တွဲလျက်ရှိကြောင်း၊ ASEAN Centrality သည် များစွာအရေးပါပြီး အာဆီယံရေတပ်များ၏ မတူညီသော အားသာချက်များကိုစုစည်း၍ ထိရောက်စွာအသုံးပြုရန်ဖြစ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများကို ယုံကြည်မှုတည်ဆောက်ကာ စိန်ခေါ်မှုများကို ကျော်လွှားသွားရမည်ဖြစ်ကြောင်း၊ အာဆီယံသည် အမြဲတမ်း Driving Role မှ ရပ်တည်၍ ပြင်ပစွက်ဖက်မှုများ ကင်းရှင်းစွာဖြင့် လမ်းကြောင်းမှန်ကို ရှေးရှုအကောင်အထည်ဖော်သွားရန်လိုအပ်ကြောင်း၊ အဓိကအားဖြင့် နိုင်ငံများ၏ အချုပ်အခြာအာဏာကို လေးစားပြီး အတူတကွပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပင်လယ်ရေကြောင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို မြှင့်တင်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ယင်းနောက် ၂၀၂၂ ခုနှစ်အတွင်း ဘရူနိုင်းရေတပ်က အိမ်ရှင်အဖြစ်ပြုလုပ်ခဲ့သည့် 9th ASEAN Navy Young Officers' Interaction (ANYOI)၊ ထိုင်းရေတပ်က အိမ်ရှင်အဖြစ် ပြုလုပ်ခဲ့သည့် 18th ASEAN Defence Ministers Meeting (ADMM) Plus Experts Working Group on Maritime Security and Tabletop Exercises 2023၊ အင်ဒိုနီးရှားရေတပ်က အိမ်ရှင်အဖြစ် ပြုလုပ်ခဲ့သည့် ASEAN Cadet Seminar၊ AESAN Cadet Sail and 10th ANYOI 2023 များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်ပြီး အင်ဒိုနီးရှားရေတပ်မှ အာဆီယံရေတပ်များ၏ လမ်းပြမြေပုံ (၂၀၂၄-၂၀၃၂)၊ ဖိလစ်ပိုင်ရေတပ်မှ Alternate Conduct of ASEAN Multilateral Naval Exercises (AMNEX) နှင့် ANCM Guidelines for Maritime Interaction (GMI) Workshop and Draft တို့ကို ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ကြသည်။ ထို့နောက် ၂၀၂၃ ခုနှစ်အတွင်း ဆက်လက်ပြုလုပ်သွားမည့် ရေတပ်ဆိုင်ရာ ပူးပေါင်းလေ့ကျင့်ခန်းအစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး (18th ASEAN Navy Chiefs' Meeting– 18th ANCM) အတွက် လျာထားအချိန်ဇယားအား ဆွေးနွေးခြင်းနှင့် မှတ်တမ်းဗီဒီယို ပြသဖိတ်ကြားခြင်းများကို ဆောင်ရွက်သည်။

ဆက်လက်၍ သဘာပတိ ဖိလစ်ပိုင်ရေတပ်ဦးစီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ချင်းပြည်နယ် ပလက်ဝမြို့ရှိ ယာယီခိုလှုံရာစခန်းများတွင် ခေတ္တနေထိုင်လျက်ရှိသော အိမ်ထောင်စုဝင်များအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့

**နေပြည်တော် မေ ၁၀**

ချင်းပြည်နယ် ပလက်ဝမြို့ရှိ ယာယီခိုလှုံရာစခန်း ၁၀ ခုတွင် ခေတ္တခိုလှုံနေထိုင်လျက်ရှိသည့် ယာယီတိုက်ပွဲရှောင်များအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို မေ ၉ ရက်တွင် ပလက်ဝမြို့ ကီမိုခန်းမ၌ပြုလုပ်ရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက အမှာစကားများ ပြောကြားကြပြီး ချင်းပြည်နယ်အစိုးရအဖွဲ့က အိမ်ထောင်စု တစ်စုလျှင် ဆန် ၁၀ ပြည်နှုန်းဖြင့် အိမ်ထောင်စု ၆၀၂ စုအတွက် ဆန်အိတ် ၂၅၁ အိတ်ကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက လူတစ်ဦးလျှင် ဆန် နှစ်ပတ်စာအစား ထောက်ပံ့ငွေကျပ် ၄၂၀၀ နှုန်းဖြင့် လူဦးရေ ၂၅၈၅ ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၀၈၅၇၀၀၀ ကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ အိမ်ထောင်စု ၆၀၂ စု အတွက် တန်ဖိုးငွေကျပ် သိန်း ၅၀ ခန့်ရှိ စားသောက်ကုန်များကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် တာဝန်ရှိသူများက ပလက်ဝမြို့ပေါ်ရှိ ယာယီခိုလှုံရေးစခန်းများကို လိုက်လံကြည့်ရှုကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လျင်မြန်စွာ ဆောင်ရွက်နိုင်ရန် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်

**နေပြည်တော် မေ ၁၀**

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လျက်ရှိသော လေဖိအားနည်းရပ်ဝန်းကြောင့် ရခိုင်ပြည်နယ်အတွင်း မြို့နယ်များသို့ သဘာဝဘေးမုန်တိုင်းအန္တရာယ် ကျရောက်လာပါက ကူညီကယ်ရေးလုပ်ငန်းများကို အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ဆေးဝါးပစ္စည်းများ၊ ကူညီကယ်ဆယ်ရေးသုံးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ စစ်တွေမြို့၊ ကျောက်ဖြူမြို့နှင့် အမ်းမြို့တို့သို့ တပ်မတော်လေယာဉ်ဖြင့် သယ်ယူပို့ဆောင်ခဲ့ကြောင်း သိရသည်။

ထိုသို့ပို့ဆောင်ရာတွင် စစ်တွေမြို့သို့ ဆေးဝါးပစ္စည်းများ၊ ကူညီကယ်ဆယ်ရေးသုံးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများဖြစ်သည့် ရေသန့်ဆေးပြားပုံး ၁၇ ပုံး၊ ဆေးပစ္စည်းပုံး သုံးပုံး၊ တစ်ကိုယ်ရေသုံးဆေးပစ္စည်းစုံပုံး ၆၀၊ ရေသန့်စက် ၁၀ ပုံး၊ ရေပုံး(၂၀ လီတာဝင်) ၁၀၀၊ ခြင်ထောင် ၄၀၊ Body Bag နှစ်ပုံး၊ ကြိုးခွေ လေးထုပ်၊ မိုးကာစထုပ် ၂၀ နှင့် ခေါက်ဆွဲခြောက် ၁၃၆ ဖာတို့ကိုလည်းကောင်း၊ ကျောက်ဖြူမြို့သို့ ရေသန့်ဆေးပြားပုံး သုံးပုံး၊ ဆေးပစ္စည်းစုံပုံး ငါးပုံး၊ မိုးကာစထုပ် ၂၀၊ ကြိုးခွေထုပ် ၂၀ နှင့် Body Bag နှစ်ပုံးတို့ကိုလည်းကောင်း၊ အမ်းမြို့သို့ ရေသန့်ဆေးပြားပုံး သုံးပုံး၊ ဆေးပစ္စည်းစုံပုံး ငါးပုံး၊ မိုးကာစထုပ် ၂၀၊ ကြိုးခွေထုပ် ၂၀ နှင့် Body Bag နှစ်ပုံးတို့ကိုလည်းကောင်း ပို့ဆောင်ပေးခဲ့ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လေဆိပ်၌ လက်ခံရယူခဲ့ကြပြီး အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက ကူညီသယ်ဆောင်ကြပြီး သတ်မှတ်သိုလှောင်ရုံများသို့ ပို့ဆောင်ပေးကြသည်။ အဆိုပါ ဆေးဝါးပစ္စည်းများ၊ ကူညီကယ်ဆယ်ရေးသုံးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို သက်ဆိုင်ရာမြို့နယ်များသို့ အမြန်ဆုံး ဆက်လက်ဖြန့်ဝေပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်းရောက်ရှိနေသူများ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်ခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏ တာဝန်များကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွှဲပြောင်း တာဝန်ထမ်းဆောင်လျက်ရှိပြီး နိုင်ငံတော်ကို စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရန် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၁၂) ရပ်တို့ကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်နေချိန်တွင် ပြည်သူလူထုအား နိုင်ငံရေးဝါဒမှိုင်းတိုက်ပြီး နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေး ဦးတည်ဆောင်ရွက်လိုသူများက ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၊ အမျိုးသားညီညွတ် ရေးအစိုးရ(NUG)နှင့် NUG ၏ လက်ဝေခံဖြစ်သည့် ပြည်သူ့ကာကွယ်ရေးအဖွဲ့ (PDF) အမည်ခံအကြမ်းဖက်အဖွဲ့အစည်းများကို ဥပဒေမဲ့တရားမဝင်ဖွဲ့စည်း၍ လက်နက်ကိုင် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသဖြင့် နိုင်ငံတော်က အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ အကြမ်းဖက်အဖွဲ့များအဖြစ် ကြေညာခဲ့ပါသည်။

၂။ အဆိုပါ အကြမ်းဖက်အဖွဲ့အစည်းများက အပြစ်မဲ့ပြည်သူများကို အကြောက်တရားဖြင့် ဝါဒမှိုင်းတိုက်၍ ဆွဲဆောင်စည်းရုံးကာ အကြမ်းဖက်အဖွဲ့အစည်းများသို့ ဝင်ရောက်စေခြင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများရှိရာ ဒေသများသို့ စေလွှတ်၍ ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများ တက်ရောက်စေခြင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်စေခြင်းတို့ကို လုပ်ဆောင်စေခဲ့ပြီး လက်နက်ကိုင် အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများကို လုပ်ဆောင်စေခဲ့ပါသည်။ ၎င်းတို့၏ အကြမ်းဖက်တိုက်ခိုက်မှု ကြောင့် သံဃာတော်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူ အမြောက်အမြား အသက်ဆုံးရှုံးခဲ့ကြရပါသည်။ အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများဖြစ်ပေါ်စေခဲ့ပါသည်။

၃။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည့်အတွက် ပြည်သူများ၏ စုပေါင်းအားဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်၍စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို အင်တိုက်အားတိုက်ဆောင်ရွက်နိုင်မှသာ လိုရာပန်းတိုင်ကို အချိန်တိုအတွင်း ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသူများ၏ ဝါဒမှိုင်းအောက်မှ ရုန်းထွက်ကာ နိုင်ငံတော်တည်ဆောက်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရမည့် အချိန်အခါဖြစ်သည့်အတွက် အကြောင်းအမျိုးမျိုးကြောင့် PDF အပါအဝင် အကြမ်းဖက်အဖွဲ့များအတွင်း ရောက်ရှိနေသူများ၊ ဥပဒေပြင်ပရှိ အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများ အနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်ရန်အတွက် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်အပ်ပါသည်။ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် လူသတ်မှု၊ မုဒိမ်းမှု၊ သူတစ်ပါးအပေါ် ထိခိုက်နစ်နာစေမှုစသည့် ပြစ်မှုတစ်ခုခုကျူးလွန်ထားသူဖြစ်ပါက ဥပဒေအရ တရားရုံးတွင် အမှုရင်ဆိုင် ဖြေရှင်းရမည်ဖြစ်ပြီး နိုင်ငံတော် အစိုးရအနေဖြင့် ပြစ်မှုအတိုင်းအတာ အပေါ်မူတည်၍ ဥပဒေကြောင်းအရ လိုအပ်သည့် ဖြေလျှော့မှုများကို ပြုလုပ်ပေးသွားမည်ဖြစ်ပါသည်။

၄။ ယင်းသို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာပါက လိုအပ်သည့် ကူညီပံ့ပိုးမှုများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပြီး လက်နက်/ခဲယမ်းပါရှိလာသူများကို အောက်ပါအတိုင်း ဆုကြေးငွေ ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည် -

(က) ရိုင်ဖယ်အုပ်စုဝင်သေနတ် (၁)လက်ပါရှိပါက ကျပ် (၅၀) သိန်း၊

(ခ) ပစ္စတိုအုပ်စုဝင် သေနတ် (၁)လက်ပါရှိပါက ကျပ် (၂၀) သိန်း၊

(ဂ) ပြောင်းချော သေနတ် (၁)လက်ပါရှိပါက ကျပ် (၃၀) သိန်း၊

(ဃ) စိန်ပြောင်း၊ လောင်ချာ၊ အာပီဂျီ ကဲ့သို့သော လက်နက်များ (၁)လက်ပါရှိပါက ကျပ် (၇၅)သိန်း၊

(င) လက်လုပ် ပြောင်းချော သေနတ်၊ လက်လုပ် စိန်ပြောင်း၊ လက်လုပ် သေနတ် (၁)လက်ပါရှိပါက ကျပ်(၅)သိန်း၊

(စ) လက်လုပ် မိုင်းများ၊ လက်ပစ်ဗုံးများ ပါရှိပါက ကျပ်(၃) သိန်း၊

(ဆ) လက်နက်/ခဲယမ်းမှအပ အခြား အသုံးအဆောင်ပစ္စည်းများ (ဥပမာ- စကားပြောစက်) ပါရှိပါက ကျပ် (၂) သိန်း။

(ဇ) ဗုံးဖောက်ခွဲရေးအတွက် အသုံးပြုနိုင်သော Drone (၁) စင်းပါရှိပါက ကျပ် (၅၀)သိန်း။

၅။ သို့ဖြစ်ပါ၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ ဆက်သွယ်သတင်းပို့၍ ဝင်ရောက်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## တရားမဝင်ကိုင်ဆောင်ထားသည့် လက်နက်ခဲယမ်းများအား လိုင်စင်လျှောက်ထားရန် အသိပေးထုတ်ပြန်ချက်

၁။ ယနေ့အချိန်ကာလတွင် အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူလူထုအပေါ် အကြမ်းဖက်သတ်ဖြတ်တိုက်ခိုက်မှုများကြောင့် ပြည်သူလူထုအတွင်း၌ လူ့ပုဂ္ဂိုလ်လုံခြုံရေးကို စိုးရိမ်ကြသည့်အတွက် လက်နက်ခဲယမ်းများကို နည်းလမ်းမျိုးစုံဖြင့် ရှာဖွေကာ တရားမဝင်ကိုင်ဆောင်လျက်ရှိကြောင်း ကြားသိနေရပါသည်။ မူလရည်ရွယ်ချက်မှာ လူ့ပုဂ္ဂိုလ်လုံခြုံရေးအတွက်ဖြစ်သော်လည်း လက်နက်ခဲယမ်းများ လက်ဝယ်ရှိနေချိန်တွင် လူ၏စိတ်သည် အချိန်မရွေးပြောင်းလဲသွားနိုင်ပြီး တရားမဝင်ကိုင်ဆောင်ထားခြင်းဖြစ်သဖြင့် တစ်ချိန်ချိန်တွင် တစ်လွဲအသုံးပြုမှုများဖြစ်ပေါ်လာနိုင်သည့်အပြင် ဥပဒေနှင့်လည်း ညီညွတ်မှုမရှိကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် တရားမဝင်လက်နက်ခဲယမ်း ကိုင်ဆောင်မှုများ လျော့နည်းပပျောက်စေရေးနှင့် လက်နက်ခဲယမ်းများကို တစ်လွဲအသုံးပြုမှုများ မဖြစ်ပေါ်စေရေးအတွက် လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်မူနှင့်အညီ စနစ်တကျလိုင်စင်ထုတ်ပေးရေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်လိုင်စင် လျှောက်ထားသည့်အခါ လျှောက်ထားသည့် သေနတ်အား မည်သို့မည်ပုံရရှိသည်ကို စစ်ဆေးမေးမြန်းသွားမည်မဟုတ်ဘဲ လျှောက်ထားလိုသည့် လက်နက်ခဲယမ်းနှင့်တကွ အပ်နှံလျှောက်ထားရမည်ဖြစ်ပါသည်။ လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်လိုင်စင် လျှောက်ထားမှုအပေါ် လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်မူနှင့်အညီ စိစစ်၍ သတ်မှတ်ချက်နှင့် ကိုက်ညီသူများကို လိုင်စင်ထုတ်ပေးသွားမည်ဖြစ်ပါသည်။ သီးခြားထုတ်ပြန်ပေးမည့် သတ်မှတ်ကာလအတွင်း လက်နက်ခဲယမ်းအပ်နှံ၍ လိုင်စင်လျှောက်ထားခြင်းမရှိပါက ဖော်ထုတ်ဖမ်းဆီး၍ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## ဥပဒေဘောင်အတွင်း လက်နက်/ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၁၀

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နယ်မြေအတွင်းသင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့်ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်း ပေးအပ်လျက်ရှိသည်။ ထိုသို့ပြုလုပ်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် နယ်မြေခံသင်တန်းကျောင်းခန်းမ၌ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။



ဦးစွာ တပ်နယ်မှတာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် အလင်းဝင်ရောက်လာသူများက ၎င်းတို့နှင့်အတူ ပါရှိလာသော BAREDDA အမျိုးအစား ပစ္စတို တစ်လက်၊ လက်လုပ်ပစ္စတို နှစ်လက်နှင့် ခဲယမ်းများအား အပ်နှံကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ထောက်ပံ့ငွေများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်နှင့် အောင်မြေ သာစံမြို့နယ်အတွင်းမှ PDF အဖွဲ့ဝင် အမျိုးသား သုံးဦး၊ ချင်းပြည်နယ်၊ ဂန့်ဂေါမြို့နယ်အတွင်းမှ PDF အဖွဲ့ဝင် အမျိုးသားတစ်ဦး၊ မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်းမှ PDF အဖွဲ့ဝင် အမျိုးသားတစ်ဦးတို့ကို တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများ ပါရှိသူများကိုလည်း ဆုကြေးငွေများ ထောက်ပံ့ ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဗီယက်နမ်နိုင်ငံ၌ အပူချိန်မြင့်တက်



ဟန္နိုင်း မေ ၁၀

ဗီယက်နမ်နိုင်ငံ၌ ပြီးခဲ့သည့်သီတင်းပတ်အတွင်းက အပူချိန် ၄၄ ဒသမ ၂ ဒီဂရီစင်တီဂရိတ်အထိမြင့်တက်မှုကို ကြုံတွေ့ခဲ့ရပြီးနောက် ကမ္ဘာကြီးပိုမိုပူနွေးလာခဲ့ကြောင်း သိပ္ပံပညာရှင်များက သတိပေးခဲ့သည်။

နိုင်ငံအတွင်း အယ်လ်နီညိုရာသီဥတုဖြစ်စဉ်သည် ဖွန်လနှင့် ဇူလိုင်လများတွင် အားကောင်းလာနိုင်ပြီး ယခုနှစ် ဒုတိယနှစ်ဝက်အထိ ဆက်လက်ဖြစ်တည်နိုင်သည်ဟု ဟန္နိုင်းတက္ကသိုလ် မိုးလေဝသသိပ္ပံဌာနအကြီးအကဲဟောင်း ဖန်ဗန်တမ်က ပြောကြားသည်။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သမုဒ္ဒရာမျက်နှာပြင်များ ပူနွေးလာနိုင်ကြောင်း ၎င်းက ပြောကြားသည်။

သို့ရာတွင် ထူးခြားဖြစ်စဉ်အဖြစ် နိုင်ငံအနောက်တောင်ပိုင်း၌ လေတိုက်ခတ်မှုပိုမိုများပြားလာနိုင်ပြီး မိုးကြိုးမုန်တိုင်းများနှင့် လေဆင်နှာမောင်းများလည်း တိုက်ခတ်မှုရှိလာနိုင်ကြောင်း မိုးလေဝသဌာနလက်ထောက်အကြီးအကဲ လီသီဗွမ်လန်းက ပြောကြားခဲ့သည်။

ဗီယက်နမ်တွင် ယခုနှစ် နွေရာသီ၌ အပူလှိုင်းဝင်ရောက်မှု ပိုများလာမည်ဟု ၎င်းကပြောကြားခဲ့သည်။ ယင်းကဲ့သို့ ထူးခြားရာသီဥတုဖြစ်စဉ်များဖြစ်လာရခြင်းမှာ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်၏ အကျိုးသက်ရောက်မှုများကြောင့် ဖြစ်သည်။

ယခုနှစ်သည် ရာသီဥတုဆိုင်ရာထူးခြားသည့်နှစ်တစ်နှစ်ဖြစ်သည်ဟု မိုးလေဝသဌာန လက်ထောက်အကြီးအကဲဖြစ်သူ လီသီဗွမ်လန်းက ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# ရဝမ်ဒါနိုင်ငံ၌ သဘာဝဘေးဆိုင်ရာ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအစီအစဉ် အတည်ပြု

ကီဂါလီ မေ ၁၀

နိုင်ငံအတွင်း သဘာဝဘေးဆိုင်ရာ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအစီအစဉ်ကို ရဝမ်ဒါနိုင်ငံအစိုးရအဖွဲ့က ယမန်နေ့တွင် အတည်ပြုခဲ့ကြောင်း ဝန်ကြီးချုပ်ရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။



မကြာသေးမီအချိန်က ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများဖြစ်ပွားခဲ့သည့် နိုင်ငံအနောက်ပိုင်း၊ မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသများ၌ ၎င်းအစီအစဉ်ကို ချက်ချင်းဆောင်ရွက် သွားရန်အတွက် တာဝန်ရှိသူများအား အစိုးရက ညွှန်ကြားခဲ့သည်။ သဘာဝဘေးဖြစ်ပေါ်ခဲ့သည့် ဒေသများတွင် မကြာမီရက်များအတွင်း မိုးသည်းထန်စွာရွာသွန်းနိုင်သဖြင့် ဒေသခံများအား သတိဝီရိယထားရှိနေထိုင်ကြရန်နှင့် ကူးစက်ရောဂါများဖြစ်ပွားလာနိုင်သဖြင့် ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းများကို လိုက်နာကြရန် တာဝန်ရှိသူများက တိုက်တွန်းခဲ့သည်။

သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေနှင့် သဘာဝဘေးတားဆီးရေးအတွက် အဖွဲ့အစည်းဆိုင်ရာ မူဘောင်များ အားကောင်းစေရန် အပါအဝင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒကိုလည်း အစိုးရကအတည်ပြုခဲ့သည်။

ရဝမ်ဒါနိုင်ငံတွင် ပြီးခဲ့သည့် သီတင်းပတ်က ဖြစ်ပွားခဲ့သော ရာသီဥတုနှင့် ဆက်နွယ်သည့် ဘေးအန္တရာယ် များကြောင့် ရဝမ်ဒါအနောက်ပိုင်း၊ မြောက်ပိုင်းနှင့် တောင်ပိုင်းပြည်နယ်များတွင် အနည်းဆုံး ၁၃၁ ဦး သေဆုံးပြီး ၉၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြောင်း အရေးပေါ် စီမံခန့်ခွဲမှုဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်ချက်များအရ သိရသည်။

ထို့ပြင်အိမ်ခြေ ၅၅၅၀ ကျော်နှင့် စာသင်ကျောင်း ၅၀ ကျော် ပျက်စီးခဲ့ပြီး ကောက်ပဲသီးနှံများနှင့် လျှပ်စစ်ဓာတ်အားဆိုင်ရာ အခြေခံ အဆောက်အအုံများ ပျက်စီးခဲ့သည်။

နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပျက်စီးခဲ့သော အခြေခံ အဆောက်အအုံများ ပြန်လည်တည်ဆောက်ရန်အတွက် ရဝမ်ဒါဖရန့်ငွေ ဘီလီယံ ၁၁၀ (အမေရိကန်ဒေါ်လာ ၉၈ ဒသမ ၃ သန်းခန့်) လိုအပ်နေကြောင်း အခြေခံအဆောက်အအုံ ဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# မက္ကဆီကိုနိုင်ငံက ကိုဗစ်-၁၉ ရောဂါ အရေးပေါ်အခြေအနေကြေညာထားမှု ပြန်လည်ရုပ်သိမ်း

မက္ကဆီကိုစီးတီး မေ ၁၀

မက္ကဆီကိုနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ အရေးပေါ်အခြေအနေကြေညာထားမှုကို ပြန်လည်ရုပ်သိမ်းကြောင်း ယမန်နေ့တွင် ကြေညာခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကို ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ် ကြေညာထားမှုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ လမ်းညွှန်ချက်များနှင့်အညီ ရုပ်သိမ်းခြင်းဖြစ်ကြောင်း ရောဂါကာကွယ်ရေးနှင့် ကျန်းမာရေးမြှင့်တင်ရေး လက်ထောက်အတွင်းရေးမှူးဟူဂို လိုပက်ဇ်ဂါတယ်လ်က ယမန်နေ့ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

မက္ကဆီကိုသမ္မတ အန်းဒရူး မန်နျူရယ် အော်ဘရာဒေါ ၂၀၂၀ ပြည့်နှစ် မတ် ၂၃ ရက်တွင် ကိုဗစ်-၁၉ ရောဂါကို ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် စတင်ကြေညာရန် လက်မှတ်ရေးထိုးခဲ့သည်။

## ပြန်လည်ရုပ်သိမ်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက်၊ ဆေးရုံတက်ရောက်ကုသသူအရေအတွက်နှင့် သေဆုံးသူအရေအတွက် ပုံမှန်လျော့ကျလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကို ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေအဖြစ်မှ မေ ၅ ရက်တွင် ပြန်လည်ရုပ်သိမ်းခဲ့သည်။

မက္ကဆီကိုနိုင်ငံ လူဦးရေ၏ ၉၅ ရာခိုင်နှုန်းသည် ဗိုင်းရပ်စ်ကာကွယ်ဆေးများ ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း ရောဂါကာကွယ်ရေးနှင့် ကျန်းမာရေးမြှင့်တင်ရေး လက်ထောက်အတွင်းရေးမှူး ဟူဂို လိုပက်ဇ်ဂါတယ်လ်က ဆိုသည်။

ထို့ပြင် လက်ရှိ ပျံ့နှံ့လျက်ရှိသော ဗီဇပြောင်းမျိုးကွဲများသည် ယခင်ဗိုင်းရပ်စ်များထက် ရောဂါခံစားရမှု နည်းပါးပြီး ပြင်းထန်သောဖျားနာမှုဝေဒနာ မခံစားရကြောင်း ၎င်းက ပြောသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# လာအိုနိုင်ငံက ပထမသုံးလပတ်အတွင်း စိုက်ပျိုးရေးထုတ်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၀၇ သန်းကျော် ဝင်ငွေရရှိ

ဗီယင်ကျန်း မေ ၁၀

လာအိုနိုင်ငံသည် ယခုနှစ် ပထမသုံးလတာကာလအတွင်း စိုက်ပျိုးရေးထုတ်ကုန် တင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၅၀၇ သန်းကျော်ဝင်ငွေရရှိခဲ့ပြီး အဆိုပါကာလအတွင်း စိုက်ပျိုးရေးထုတ်ကုန်တန်ချိန် သုံးသန်းကျော် တင်ပို့နိုင်ခဲ့ကြောင်း ဗီယန်ကျင်းမိုင်းသတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

လာအိုနိုင်ငံအနေဖြင့် နိုင်ငံအတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များကို အဓိကတင်ပို့သည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး တရုတ်-လာအိုမီးရထားလမ်း အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီဖြစ်သောကြောင့် ကုန်စည်များကို လျင်မြန်လွယ်ကူစွာ ပို့ဆောင်နိုင်ပြီဖြစ်ကြောင်းလည်း သိရသည်။

လာအိုနိုင်ငံမှ အခြားနိုင်ငံများသို့ အဓိကတင်ပို့ခဲ့သည့် စိုက်ပျိုးရေးထွက်ကုန်များမှာ ပီလောပီနံ တန်ချိန် ၁ ဒသမ ၉ သန်း၊ ကြံတန်ချိန် နှစ်သိန်းကျော်၊ ငှက်ပျောတန်ချိန် နှစ်သိန်းကျော်၊ ဖရဲသီးတန်ချိန် ရှစ်သောင်းကျော်နှင့် ပြောင်းဖူးတန်ချိန် လေးသောင်းကျော်တို့ဖြစ်ကြောင်း သိရသည်။

လာအိုနိုင်ငံမှ ထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များကို အဓိကဝယ်ယူသည့် နိုင်ငံများမှာ တရုတ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြောင်း သိရသည်။ ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်



## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်မြင့် ဘူးသီးတောင်အကျဉ်းထောင်နှင့် စစ်တွေအကျဉ်းထောင်တို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၀

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သောအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ တို့အရ မေ ၈ ရက်တွင် ဘူးသီးတောင် အကျဉ်းထောင်ကိုလည်းကောင်း၊ မေ ၉ ရက်နှင့် ယနေ့တွင် စစ်တွေအကျဉ်းထောင်ကို လည်းကောင်း သွားရောက်၍ ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများကို အိပ်ဆောင်များတွင် အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ၊ မရှိ၊ ထောင်ဝင်စာ ပစ္စည်းပေးပို့မှု စုံလင်စွာရရှိခြင်း ရှိ၊ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ၊ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်သည်။

အကျဉ်းထောင်များကိုဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ အိပ်ဆောင်များ၊ တိုက်ခန်းများ၊ အကျဉ်းထောင်ဆေးရုံ၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သုံးရေကန်များနှင့် အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အကျဉ်းသား၊ အချုပ်သားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ကော်မရှင်မှ ဘူးသီးတောင် အကျဉ်းထောင်နှင့် စစ်တွေ အကျဉ်းထောင်တို့ကို ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ ၅၀ စီ လှူဒါန်းခဲ့ရာ တာဝန်ခံအရာရှိများက လက်ခံရယူသည်။

အဆိုပါအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## PDF အမည်ခံ အကြမ်းဖက်သမားများက ရွှေဘိုမြို့နယ် ဇီးဖြူကုန်းကျေးရွာအတွင်းသို့ လက်လုပ်စိန်ပြောင်းများဖြင့် ရမ်းသန်းပစ်ခတ်ပြီး လူနေအိမ်များကို အကြောင်းမဲ့မီးရှို့ဖျက်ဆီး၍ လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် အပြစ်မဲ့ အမျိုးသားငါးဦး သေဆုံးခဲ့ပြီး အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ကာ နေအိမ်ခုနစ်လုံး မီးလောင်ပျက်စီးဆုံးရှုံး

နေပြည်တော် မေ ၁၀

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အကြမ်းဖက်မှုကိုလိုလားသည့် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့အရပ်သားပြည်သူများ နေရာထိုင်ရာ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် နေအိမ်များအား အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခြင်း စသည့် အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ မေ ၉ ရက် နံနက် ၅ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ဇီးဖြူကုန်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာအနီး မူးဘောင်လမ်းမှနေ၍ လက်လုပ်စိန်ပြောင်းများဖြင့် ရမ်းသန်းပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ကျေးရွာအတွင်းသို့ ဝင်ရောက်လာကာ နေအိမ်များကို မီးရှို့ဖျက်ဆီး၍ ကျေးရွာနေ အပြစ်မဲ့ အရပ်သားပြည်သူများအား လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကောင်းထက်ဇင်၏ နေအိမ်ပါ နေအိမ် ခုနစ်လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီး အဆိုပါကျေးရွာနေ အပြစ်မဲ့အမျိုးသားငါးဦးတွင် ကျည်ထိမှန်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး အမျိုးသမီးတစ်ဦးတွင် ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့၍ ဆေးကုသနိုင်ရေး ရွှေဘိုခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများ နေထိုင်ရာ ကျေးရွာအတွင်းသို့ လက်လုပ်စိန်ပြောင်းများဖြင့် ရမ်းသန်းပစ်ခတ်ပြီး ကျေးရွာအတွင်းရှိ နေအိမ်များကို မီးရှို့ဖျက်ဆီးကာ ကျေးရွာနေပြည်သူများအား ပစ်ခတ်သတ်ဖြတ်သွားခဲ့သည့် အကြမ်းဖက်သမားများကို ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များ မှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ကရင်ပြည်နယ် ဘားအံမြို့နယ် အမှတ်(၅)ရပ်ကွက်နေ ပန်းငွေ(ခ) ပန်းဝေသည် ၎င်းအသုံးပြုသည့် "Pan Wai"Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ချမ်းမြသာစည်မြောက်ရပ်ကွက်နေ အောင်ဖြိုးလှိုင် (ခ)ဖိုးချွန်သည် ၎င်းအသုံးပြုသည့် "Aung Phyo Hlaing" Facebook အကောင့်၊ အောင်မြေသာစံမြို့နယ် အမရဌာနီရပ်ကွက်နေ မြင့်ရှိန်သည် ၎င်းအသုံးပြုသည့် "Myint Shein" Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၉)ရပ်ကွက်နေ စိုးသူရိန်သည် ၎င်းအသုံးပြုသည့် "Sandar Soe" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**



၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာ စိုက်ထူပွဲအခမ်းအနားကို မေ ၉ ရက် နံနက် ၈ နာရီက ဘားအံမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး မြေစိုက်ပိုစတာအား စိုက်ထူပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။ ပြည်နယ်(ပြန်/ဆက်)



မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူခြင်းကို မေ ၉ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း မြေစိုက်ပိုစတာအား အမွှေးနံ့သာရည်များ ပက်ဖျန်း၍ စိုက်ထူပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## ပညာရေးဝန်ကြီးဌာန
## “၂၀၂၃ -၂၀၂၄ ပညာသင်နှစ်”

### မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- **မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။**
- **ငွေကြေးသို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်းမပြုပါရန်။**
- ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- **ကျောင်းသား၊ ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။**
- **ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသောစည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေ ပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။**
- မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။



ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ဗိုလ်ချုပ်လမ်းဆုံတွင် ကျောင်းအပ်နှံရေးလှုပ်ရှားမှုဆိုင်းဘုတ်စိုက်ထူပွဲကို မေ ၁၀ ရက် နံနက်ပိုင်းက ပြုလုပ်စဉ်။ မြို့နယ်(ပြန်/ဆက်)



ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့လှုပ်ရှားမှု ဆိုင်းဘုတ်စိုက်ထူခြင်းကို မေ ၁၀ ရက် နံနက်ပိုင်းက ငန်းစပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပစဉ်။ မြို့နယ်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့ ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာကို မေ ၁၀ ရက် နံနက် ၈ နာရီတွင် မြို့နယ်ပညာရေးမှူးရုံးရှေ့၌ စိုက်ထူစဉ်။ မြို့နယ်(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး ကံမမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးအသိပေးဆိုင်းဘုတ် စိုက်ထူခြင်းကို မေ ၉ ရက် နံနက် ၈ နာရီက မြို့နယ်ပညာရေးမှူးရုံးရှေ့၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းဌေးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်တွင် အခြေခံပညာကျောင်းအသီးသီး၌ ကျောင်းအပ်နှံနိုင်ရေးပိုစတာများ စိုက်ထူခြင်းလှုပ်ရှားမှုများ ပြုလုပ်ရာ မေ ၁၀ ရက် နံနက်ပိုင်းက အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း၌ စိုက်ထူပေးကြစဉ်။ မြို့နယ်(ပြန်/ဆက်)



၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာဆိုင်းဘုတ်စိုက်ထူခြင်းကို မေ ၁၀ ရက် နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမပန်းခြံရှေ့၌ပြုလုပ်ရာ ပြည်နယ်ပညာရေးမှူး ဦးဘထွီးစိန်နှင့် ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး၊ ဆရာကြီး၊ ဆရာမကြီးများက ဖွင့်လှစ်ပေးကြစဉ်။ မြို့နယ်(ပြန်/ဆက်)

# အားကောင်းသော မုန်တိုင်းငယ်အခြေအနေ

(မေလ ၁၀ ရက် ည ၇ နာရီ ထုတ်ပြန်ချက်)

**အားကောင်းသောမုန်တိုင်းငယ်အခြေအနေ**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၃၉၅ မိုင်ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၅၂၀ ခန့်၊ စစ်တွေမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၆၉၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ နီကိုးဘားကျွန်း၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၃၅၀ ခန့်၊ ပို့ဘလဲယား၏ အနောက်တောင်ဘက် ရေမိုင် ၂၉၀ ခန့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၇၃၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ ဘင်္ဂလားဒေ့ရှ်-မြန်မာကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားနိုင်သည့် အခြေအနေရှိပါသဖြင့် လိမ္မော်ရောင်အဆင့်ဟု သတ်မှတ်သည်။

**အားကောင်းသောမုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲအချိန်တွင် မြောက်လတ္တီကျု ၉ ဒသမ ၅ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၈ ဒသမ ၃ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ နှုန်းခန့် ဖြစ်သည်။

**နောက်လေးရက်အတွင်း ခန့်မှန်းချက်**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး နောက် ၆ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ မေ ၁၁ ရက် နံနက်ပိုင်းတွင် အားကောင်းသောဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ မေ ၁၂ ရက် နံနက်ပိုင်းတွင် မြောက်-အရှေ့မြောက်ဘက်သို့ တဖြည်းဖြည်းကွေ့ကာ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်သည်။ ထို့နောက် မေ ၁၃ ရက် ညနေပိုင်းတွင် အားအနည်းငယ်လျော့သွားနိုင်ပြီး မေ ၁၄ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းနှင့် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းကမ်းခြေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့နှင့် မြန်မာနိုင်ငံ ကျောက်ဖြူမြို့တို့ကြားမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။

(၁၀.၅.၂၀၂၃)ရက်နေ့ မြန်မာစံတော်ချိန် (၁၇:၃၀)နာရီအချိန် တိုင်းထွာချက်အရ
အားကောင်းသောမုန်တိုင်းငယ် လမ်းကြောင်းပြမြေပုံ




**သတိပေးနှိုးဆော်ချက်**

အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် မေ ၁၁ ရက်မှ ၁၅ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ သို့ဖြစ်ပါ၍ ယနေ့ညမှ မေ ၁၁ ရက်အတွင်း မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ခန့်အထိ တိုက်ခတ်နိုင်ပြီး မေ ၁၂ ရက်မှ ၁၄ ရက်အတွင်း မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၇၀ မှ မိုင် ၈၀ ခန့်အထိ တိုက်ခတ်နိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်ခန့်အထိ တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရသည်။

**အကြံပြုချက်**

အဆိုပါဖြစ်ပေါ်လာနိုင်သည့် ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်သူလူထုအနေဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ချက်များကို စောင့်ကြည့်၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်သွားနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ




## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၅-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၃၀ | ၁၉၇၅ | ၁၉၇၀ | ၁၉၃၅ | ၁၉၇၅ | ၂၀၀၀ | ၁၉၈၅ | ၁၉၆၀ | ၂၀၆၀ | ၂၀၇၅ | ၁၉၆၅ | ၁၉၇၅ | ၂၀၁၅ | ၂၀၁၅ | ၂၀၁၅ | ၂၂၄၅ | ၂၈၁၀ |
| 95 Ron | ၂၀၂၀ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၀ | ၂၀၆၅ | ၂၀၉၀ | ၂၀၇၅ | ၂၀၅၅ | ၂၁၅၀ | ၂၁၆၅ | ၂၀၆၀ | ၂၀၇၅ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၄၀ | ၂၈၈၅ |
| HSD (500 ppm) | ၁၈၉၀ | ၁၉၃၅ | ၁၉၃၅ | ၁၈၉၅ | ၁၉၃၅ | ၁၉၆၀ | ၁၉၅၅ | ၁၉၂၀ | ၂၀၄၀ | ၂၀၃၅ | ၁၉၂၅ | ၁၉၄၀ | ၁၉၇၅ | ၁၉၇၅ | ၁၉၇၅ | ၂၂၀၅ | ၂၇၀၀ |
| HSD (50 ppm) | ၁၉၇၀ | ၂၀၁၅ | ၂၀၁၅ | ၁၉၇၅ | ၂၀၁၅ | ၂၀၄၀ | ၂၀၃၅ | ၂၀၀၀ | ၂၁၂၀ | ၂၁၁၅ | ၂၀၀၅ | ၂၀၂၀ | ၂၀၅၅ | ၂၀၅၅ | ၂၀၅၅ | ၂၂၈၅ | ၂၇၃၀ |
| HSD (10 ppm) | ၁၉၇၀ | ၂၀၁၅ | ၂၀၁၅ | ၁၉၇၅ | ၂၀၁၅ | ၂၀၄၀ | ၂၀၃၅ | ၂၀၀၀ | ၂၁၂၀ | ၂၁၁၅ | ၂၀၀၅ | ၂၀၂၀ | ၂၀၅၅ | ၂၀၅၅ | ၂၀၅၅ | ၂၂၈၅ | ၂၇၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၂၆ | ၁၈၉၆ |
| 95 Ron | ၁၉၁၅ | ၁၉၈၆ |
| HSD (500 ppm) | ၁၇၉၀ | ၁၈၅၆ |
| HSD (50 ppm) | ၁၈၆၄ | ၁၉၃၁ |
| HSD (10 ppm) | ၁၈၆၄ | ၁၉၃၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁၁၉၂ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၅၄ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၁၀-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၉-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၁၉၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂၅၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၂၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၀,၄၇၃,၃၁၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း (၆၃၆,၆၄၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၂၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၅,၅၁၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁)ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၃) ဦး ရှိပြီဖြစ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက် အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ဆီးဂိမ်း Pool 9 Ball တစ်ဦးချင်းပြိုင်ပွဲတွင် ဘုန်းမြင့်ကျော် ရွှေတံဆိပ် ဆွတ်ခူး

ရန်ကုန် မေ ၁၀

(၃၂) ကြိမ်မြောက် ဆီးဂိမ်း Pool 9 Ball တစ်ဦးချင်းပြိုင်ပွဲ ဆီမီး ဖိုင်နယ်နှင့် ဗိုလ်လုပွဲကို မေ ၁၀ ရက်က ဆက်လက်ကျင်းပရာ မြန်မာ့လက်ရွေးစင် Pool ကစားသမား ဘုန်းမြင့်ကျော် ရွှေတံဆိပ်ဆု ရရှိခဲ့သည်။



ဘုန်းမြင့်ကျော်သည် နံနက်ပိုင်းက ကျင်းပသည့် ဆီမီးဖိုင်နယ်ပွဲတွင် ဗီယက်နမ်ကစားသမား ငုယင်အန်ကျူရန်ကို ၉-၄ ပွဲဖြင့် အနိုင်ရရှိခဲ့သည်။ ဘုန်းမြင့်ကျော်သည် ပွဲစကတည်းက လက်ရည်အသာဖြင့် ကစားနိုင်ခဲ့ပြီး ပွဲငယ်သုံးပွဲဆက်တိုက် စတင်အနိုင်ရရှိခဲ့သည်။ သုံးပွဲပြတ်အသာရထားသည့် ဘုန်းမြင့်ကျော်သည် နောက်ပိုင်းပွဲငယ်များတွင် အသာစီးမှထိုးကာ ၉-၄ ပွဲဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဗိုလ်လုပွဲတွင် စင်ကာပူနိုင်ငံသားအယ်လိုစီယက်ပ်နှင့် တွေ့ဆုံခဲ့ပြီး ၉-၃ ပွဲဖြင့် အနိုင်ရရှိခဲ့သည်။ ပထမပွဲငယ်တွင် ဘုန်းမြင့်ကျော်က အနိုင်ရပြီး ဒုတိယပွဲငယ်တွင် စင်ကာပူကစားသမားက ပြန်လည်အနိုင်ရရှိခဲ့သည်။ သို့သော် တတိယမြောက် ပွဲငယ်မှ သတ္တမမြောက် ပွဲငယ်အထိ ဘုန်းမြင့်ကျော်က ဆက်တိုက်အနိုင်ရပြီး ၆-၁ ပွဲဖြင့် အပြတ်အသတ် ဦးဆောင်နိုင်ခဲ့သည်။ ဘုန်းမြင့်ကျော်သည် နောက်ထပ်ပွဲငယ် နိုင်ပွဲသုံးပွဲကို ငါးပွဲအတွင်း ရယူကာ ၉-၃ ပွဲဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဘုန်းမြင့်ကျော်သည် ၂၀၁၉ ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲတွင် Pool 9 Ball တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲတို့တွင် ရွှေတံဆိပ်ဆု ရရှိထားသူဖြစ်ပြီး ယခုအကြိမ်တွင် တစ်ဦးချင်းပြိုင်ပွဲ၌ ရွှေတံဆိပ်ဆု ထပ်မံရရှိခဲ့ခြင်းဖြစ်သည်။

**သတင်း – ရှိုင်းထက်ဇော်**

**ဓာတ်ပုံ – အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန**

# ဆီးဂိမ်း ဝူရှူးပြိုင်ပွဲ ပထမနေ့တွင် မြန်မာဝူရှူးအဖွဲ့ ငွေတစ်ခု၊ ကြေးတစ်ခု စတင်ဆွတ်ခူး

ရန်ကုန် မေ ၁၀

ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပလျက်ရှိသည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းဝူရှူးပြိုင်ပွဲ ပထမနေ့ကို မေ ၁၀ ရက်က စတင်ကျင်းပရာ မြန်မာ ဝူရှူးအဖွဲ့က ငွေတစ်ခု၊ ကြေးတစ်ခု စတင်ဆွတ်ခူးရရှိခဲ့သည်။

ဝူရှူးပြိုင်ပွဲ ပထမနေ့တွင် ထောက်လုနှင့် ဆန်းဆို (အတိုက်) ပွဲစဉ်များ ကျင်းပခဲ့ပြီး ဆုတံဆိပ်ချီးမြှင့်မည့် ထောက်လုပြိုင်ပွဲအမျိုးအစား လေးမျိုး ပါဝင်ခဲ့သည်။ ယင်းပြိုင်ပွဲလေးမျိုးတွင် မြန်မာဝူရှူးအဖွဲ့က ပြိုင်ပွဲနှစ်မျိုးတွင် ဆုတံဆိပ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာဝူရှူးအဖွဲ့ အတွက် ငွေတံဆိပ်ဆုကို အမျိုးသမီးအတွဲ အတိုက်အပြပြိုင်ပွဲတွင် စန္ဒီဦးနှင့် အေးသစ္စာမြင့်အတွဲက ၉ ဒသမ ၄၀၃၀ မှတ်ဖြင့် ရရှိခဲ့ပြီး ရွှေတံဆိပ်ဆုကို အိမ်ရှင်ကမ္ဘောဒီးယားအတွဲက ၉ ဒသမ ၄၄၃၀ မှတ်ဖြင့်လည်းကောင်း၊ ကြေးတံဆိပ်ဆုကို စင်ကာပူအတွဲက ၉ ဒသမ ၃၉၃၀ မှတ်ဖြင့်လည်းကောင်း ရရှိခဲ့သည်။ ကြေးတံဆိပ်ဆုကိုမူ အမျိုးသမီး နန်းချွမ်ပြိုင်ပွဲတွင် အေးသစ္စာမြင့်က ၉ ဒသမ ၁၄၃၀ မှတ်ဖြင့် ရရှိခဲ့ပြီး ရွှေတံဆိပ်ဆုကို မလေးရှားကစားသမား တန်ချောင်မင်က ၉ ဒသမ ၆၂၆၀ မှတ်၊ ငွေတံဆိပ် ဆုကို အင်ဒိုနီးရှားကစားသမား ဒေဝီက ၉ ဒသမ ၅၉၃၀ မှတ်ဖြင့် ရရှိခဲ့ သည်။



ငွေတံဆိပ်ဆုရ စန္ဒီဦးနှင့် အေးသစ္စာမြင့်တို့ကိုတွေ့ရစဉ်။

မြန်မာဝူရှူးအဖွဲ့သည် အမျိုးသားအတွဲအတိုက်ပြိုင်ပွဲတွင် ကျော်ဇေဝင်းနှင့် မြတ်ကိုကိုအတွဲ၊ အမျိုးသားနန်းချွမ်ပြိုင်ပွဲတွင် သိန်းသန်းဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။ ဝူရှူးပြိုင်ပွဲ ဒုတိယနေ့ကို မေ ၁၁ ရက်တွင် ဆက်လက်ကျင်းပမည် ဖြစ်သည်။

**သတင်း – ရှိုင်းထက်ဇော်**

**ဓာတ်ပုံ – အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန**

## (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၁၀-၅-၂၀၂၃ (ည ၁၀:၀၀ နာရီ)

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၅၀ | ၅၀ | ၆၁ | ၁၆၁ |
| ၂။ | ကမ္ဘောဒီးယား | ၄၇ | ၄၁ | ၅၁ | ၁၃၉ |
| ၃။ | ထိုင်း | ၄၇ | ၃၅ | ၅၃ | ၁၃၅ |
| ၄။ | အင်ဒိုနီးရှား | ၃၄ | ၃၁ | ၅၆ | ၁၂၁ |
| ၅။ | ဖိလစ်ပိုင် | ၂၆ | ၄၄ | ၅၅ | ၁၂၅ |
| ၆။ | စင်ကာပူ | ၂၆ | ၂၃ | ၂၅ | ၇၄ |
| ၇။ | မလေးရှား | ၂၁ | ၂၂ | ၄၁ | ၈၄ |
| ၈။ | မြန်မာ | ၁၄ | ၁၁ | ၃၁ | ၅၆ |
| ၉။ | လာအို | ၅ | ၁၁ | ၃၅ | ၅၁ |
| ၁၀။ | ဘရူနိုင်း | ၁ | ၁ | ၄ | ၆ |
| ၁၁။ | တီမောလက်စ်တေ | ၀ | ၀ | ၂ | ၂ |

## (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာအားကစားအဖွဲ့မှ အားကစားနည်းအလိုက် (၁၀.၅.၂၀၂၃) ရက်နေ့အထိ ဆုတံဆိပ်ရရှိမှုစာရင်း

| စဉ် | အားကစားနည်း | ဆုရရှိမှု | | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | စုစုပေါင်း | |
| ၁ | ဗိုဗီနမ် | ၄ | ၃ | ၁၇ | ၂၄ | |
| | ဗိုဗီနမ် (ခွန်ဘိုကာတာ) | ၁ | ၂ | ၆ | ၉ | |
| ၂ | ပိုက်ကျော်ခြင်း | ၂ | | | ၂ | |
| | ခြင်းလုံး | ၄ | ၃ | ၁ | ၈ | |
| ၃ | ဘီလိယက်/စနူကာ | ၂ | | ၁ | ၃ | |
| ၄ | ပီတန်း | ၁ | | | ၁ | |
| ၅ | ဝူရှူး | | ၁ | ၁ | ၂ | |
| ၆ | ခွန်ခမာ | | ၁ | ၁ | ၂ | |
| ၇ | ကြက်တောင် | | ၁ | | ၁ | |
| ၈ | စစ်တုရင် | | | ၂ | ၂ | |
| ၉ | ပြေးခုန်ပစ် | | | ၁ | ၁ | |
| ၁၀ | ခရစ်ကက် | | | ၁ | ၁ | |
| | စုစုပေါင်း | ၁၄ | ၁၁ | ၃၁ | ၅၆ | |

**○ ဆီးဂိမ်းမှ**

အမျိုးသား ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် မြန်မာအသင်းက ၆၈၀ မှတ်ဖြင့် ရွှေတံဆိပ်၊ ဖိလစ်ပိုင်အသင်းက ၆၆၀ မှတ်ဖြင့် ငွေတံဆိပ်၊ ကမ္ဘောဒီးယားအသင်းက ၄၆၀ မှတ်ဖြင့် ကြေးတံဆိပ်ရရှိသည်။ ရွှေတံဆိပ်ဆုရ မြန်မာ အမျိုးသားအသင်းတွင် အောင်ကျော်မိုး၊ အောင်ဇော်၊ ကျော်ဇေယျာဝင်း၊ သန်းဇော်ဦး၊ သိန်းဇော်မင်းနှင့် ဇင်ကိုကိုတို့ ပါဝင်ကြသည်။ အမျိုးသမီး ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် မြန်မာအသင်းက ၇၅၀ မှတ်ဖြင့် ရွှေတံဆိပ်၊ ဖိလစ်ပိုင်အသင်းက ၅၇၀ မှတ်ဖြင့် ငွေတံဆိပ်၊ ကမ္ဘောဒီးယားအသင်းက ၂၃၀ မှတ်ဖြင့် ကြေးတံဆိပ်ဆုရရှိသည်။ ရွှေတံဆိပ်ဆုရ မြန်မာအမျိုးသမီးအသင်းတွင် ခင်နှင်းဝေ၊ ဆုသဉ္ဇာနိုင်၊ ကြူကြူသင်း၊ နိုင်နိုင်ဝင်း၊ နွယ်နွယ်ထွေးနှင့် ဖြူဖြူသန်းတို့ ပါဝင်ကြသည်။

**သတင်း–ကိုညီလေး**

**ဓာတ်ပုံ–အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန**

## FIFA-MFF TDS Scouting Tour 2023

# အပြီးသတ်ကစားသမားရွေးချယ်ခြင်းများ မေ ၁၅ ရက် စတင်ပြုလုပ်မည်

ရန်ကုန် မေ ၁၀

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ် (ဖီဖာ)၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်သည် FIFA–MFF TDS Scouting Tour 2023 အစီအစဉ်ဖြင့် မျိုးဆက်သစ် ထူးချွန်လူငယ် ကစားသမားများကို နိုင်ငံတစ်ဝန်း ရှာဖွေရွေးချယ်လျက်ရှိပြီး အပြီးသတ် လူရွေးချယ်ခြင်းများကို မေ ၁၅ ရက်နှင့် ၁၆ ရက်တွင် ရန်ကုန်မြို့ရှိ အမျိုးသားဘောလုံး အကယ်ဒမီကွင်း၊ မေ ၁၈ ရက်နှင့် ၁၉ ရက်တွင် မန္တလေးမြို့ရှိ မြန်မာဘောလုံး အကယ်ဒမီ လေ့ကျင့်ရေးကွင်းတို့တွင် ပြုလုပ်သွားမည်ဖြစ်သည်။



ထူးချွန် လူငယ်ကစားသမားများ ရွေးချယ်ခြင်း ပထမအဆင့်ကို ဧပြီ ၂၀ ရက်မှ ၂၈ ရက်အထိ ပြုလုပ်ခဲ့ပြီး လာရောက်ရွေးချယ်ခံသူ ၁၀၀၀ ကျော်အနက် ယူ–၁၁၊ ယူ–၁၂၊ ယူ–၁၃၊ ယူ–၁၄၊ ယူ–၁၅ သက်တမ်းများအတွက် နိုင်ငံတစ်ဝန်းမှ ပဏာမကစားသမား စုစုပေါင်း ၂၅၂ ဦး ရွေးချယ်ခံခဲ့ရသည်။ ယင်းကစားသမားများ အနက် ရန်ကုန်၊ ပဲခူး၊ ပြည်၊ စစ်တွေ၊ ပုသိမ်၊ ဘားအံ၊ မော်လမြိုင်၊ ထားဝယ်နှင့် အနီးတစ်ဝိုက်မြို့များမှ ရွေးချယ်ခံရသော ယူ–၁၁၊ ယူ–၁၂၊ ယူ–၁၃ ကစားသမားများအနေဖြင့် မေ ၁၅ ရက်တွင်လည်းကောင်း၊ ယူ–၁၄၊ ယူ–၁၅ ကစားသမားများ အနေဖြင့် မေ ၁၆ ရက်တွင် လည်းကောင်း အမျိုးသားဘောလုံး အကယ်ဒမီကျောင်း (ရန်ကုန်) လေ့ကျင့်ရေးကွင်း၌ အပြီးသတ် ရွေးချယ်ခံရမည် ဖြစ်သည်။

အလားတူ မန္တလေး၊ မြစ်ကြီးနား၊ လားရှိုး၊ နေပြည်တော်၊ တောင်ကြီးနှင့် အနီးတစ်ဝိုက်မြို့များမှ ပထမအဆင့်ရွေးချယ်ခံရသော ယူ–၁၁၊ ယူ–၁၂၊ ယူ–၁၃ ကစားသမားများ အနေဖြင့် မေ ၁၈ ရက်တွင် လည်းကောင်း၊ ယူ–၁၄ နှင့် ယူ–၁၅ ကစားသမားများအနေဖြင့် မေ ၁၉ ရက်တွင်လည်းကောင်း မြန်မာ ဘောလုံးအကယ်ဒမီ (မန္တလေး) လေ့ကျင့်ရေးကွင်းတွင် အပြီးသတ် ရွေးချယ်ခံရမည်ဖြစ်သည်။ ပထမအဆင့် ရွေးချယ်ခံထားရသည့် ကစားသမားများအနေဖြင့် မှတ်ပုံတင် အိမ်ထောင်စုစာရင်း၊ ကျောင်းထောက်ခံစာ၊ မွေးစာရင်း စသည်တို့ကို မူရင်း၊ မိတ္တူ မပျက်မကွက်တစ်ပါတည်း ယူဆောင်လာပြီး သတ်မှတ်ထားသော နေ့ရက်၊ အချိန်မီ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။ အပြီးသတ် ရွေးချယ်ခြင်းများကို နံနက် ၇ နာရီတွင် စတင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် အဆိုပါအစီအစဉ်အား အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ မြို့နယ် ဘောလုံးအဖွဲ့ချုပ်များနှင့် ပူးပေါင်းဆောင်ရွက်နေပြီး အသက်(၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅) အရွယ် ထူးချွန်သော မျိုးဆက်သစ် ကစားသမားများအား ဘောလုံး နည်းစနစ် ကျွမ်းကျင်မှုအလိုက် စနစ်တကျ စိစစ်ရွေးချယ်နေခြင်း ဖြစ်သည်။ FIFA–MFF TDS Scouting Tour 2023 ကစားသမား ရွေးချယ်မှုများကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဌာနက တာဝန်ယူဆောင်ရွက်နေခြင်း ဖြစ်ပြီး ဝါရင့်မြန်မာ့လက်ရွေးစင် ဟောင်းများဖြစ်သည့် ဦးတင်အောင် (ဂိုး)၊ ဦးအေးမောင်ကြီး၊ ဦးခင်မောင်လေး၊ ဦးငွေထွန်းတို့က အဖွဲ့လေးဖွဲ့၏ ခေါင်းဆောင်များအဖြစ် ဦးဆောင်၍ ကစားသမား ရွေးချယ်နေခြင်းဖြစ်သည်။

အပြီးသတ် ရွေးချယ်ခံရသည့် ကစားသမားစာရင်းကို မေ ၂၄ ရက်တွင် ထုတ်ပြန်ကြေညာမည် ဖြစ်သည်။ **သတင်း – ကိုညီလေး**

**ဓာတ်ပုံ–သော်လေး**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်အတွင်းရှိ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်မှုခံရသည့် အိမ်ထောင်စုဝင်မိသားစုများအား ထောက်ပံ့ပစ္စည်းများပေးအပ်၊ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်

**နေပြည်တော် မေ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်အတွင်း မေ ၈ ရက်တွင် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းခံရသည့် အိမ်ထောင်စုဝင်မိသားစုများအား စားဝတ်နေရေး အဆင်ပြေစေရန်အတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းနှင့် လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်းတို့အား ယနေ့နံနက်ပိုင်းတွင် အဆိုပါမြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမနှင့် လေဘေးသင့်နေအိမ်များတွင် ဆောင်ရွက်ခဲ့ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်ရှိ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လေဘေးသင့်အိမ်ထောင်စုများ တက်ရောက်ကြသည်။

**ထောက်ပံ့ငွေများပေးအပ်**

ဦးစွာ မိုင်းဆတ်မြို့ ဝိန်းနေရပ်ကွက်ရှိ ကံ့ကော်မြိုင် ဘုန်းကြီးကျောင်းဝင်းအတွင်း နှစ်ကျိပ်ရှစ်ဆူစေတီတော် ထီးတော်မြေခမှုကြောင့် ပြန်လည်ဆောင်ရွက်ရမည့်အခြေအနေများအား တာဝန်ရှိသူများက ဆရာတော်ထံ မေးမြန်းလျှောက်ထား၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လေဘေးသင့်အိမ်ထောင်စု ၁၂ စုနှင့် ရပ်ကွက်၊ ကျေးရွာများရှိ လေဘေးသင့်အိမ်ထောင်စု ငါးစုအား နေရာအရောက်သွားရောက်ထောက်ပံ့ပေးပြီး နယ်မြေခံတပ်နယ်ရှိ တာဝန်ရှိသူက စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့မှ လေဘေးသင့်ပြည်သူ ၃၀ အား လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# တွံတေး၌ လေပြင်းတိုက်ခတ်မှုဖြစ်ပွား၍ မူလတန်းကျောင်းအမိုးလန်ပျက်စီး

**တွံတေး မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မင်းပိုင်းရပ်ကွက်အပိုင်း မြဂိုးကျေးရွာတွင် ယနေ့မွန်းလွဲပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် မြဂိုးကျေးရွာ တွံတေး-မအူပင်ကားလမ်းဘေးရှိ ငါးလုပ်ငန်းသိပ္ပံကျောင်းဝင်းအတွင်းရှိ အမက(၁၃) ကျောင်းဆောင် အမိုးလန်ပျက်စီးခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့် တိရစ္ဆာန်ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**ဖယ်ရှားရှင်းလင်း**



လေပြင်း တိုက်ခတ်သောနေရာသို့ နယ်မြေခံတပ်ရင်းမှ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးဘုန်းမြင့်ကြွယ်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးသုတအောင်နှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ရဲမှူးမျိုးဦးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြဂိုးကျေးရွာ ပြည်သူ့လုံခြုံရေးအဖွဲ့ဝင်များက အပျက်အစီးများအား ဖယ်ရှားရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

တွံတေးသား

# ငါ့သရောက်မြို့ အိုရင်ကျေးရွာ၌ လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ ပျက်စီးဆုံးရှုံး

**ငါ့သရောက် မေ ၁၀**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့ အိုရင်ကျေးရွာ၌ မေ ၉ ရက် ည ၉ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ကြောင်း ငါ့သရောက်မြို့ မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးသန်းလှိုင်ထံမှ သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် အိုရင်ကျေးရွာတွင် နေအိမ်နှစ်လုံး ပြိုကြပျက်စီးပြီး နှစ်လုံးမှာ ခေါင်မိုးများပျက်စီးခဲ့သည်။ မီးသတ်တပ်ဖွဲ့ဝင်များက လေပြင်းတိုက်ခတ်မှုကြောင့် လဲကျနေသောသစ်ပင်များနှင့် ပျက်စီးသွားသော နေအိမ်များအား ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# အောင်လံမြို့နယ်၌ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းကြီးကျောင်းနှင့် လူနေအိမ်များ အမိုးလန်ပျက်စီး



**အောင်လံ မေ ၁၀**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ ယမန်နေ့ ညနေ ၅ နာရီခွဲက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ရွာပြင်းကျေးရွာအုပ်စု ရွာဟိုင်းကျေးရွာ၊ ရွာပြင်းကျေးရွာ၊ ရွှေသူဌေးကျေးရွာ၊ စစ်အောင်ကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာ၊ မိုးဖုန်းကျေးရွာအုပ်စု မိုးဖုန်းကျေးရွာ၊ ဇောင်းလျားကျင်းကျေးရွာအုပ်စု ဈေးကုန်းရပ်ကွက်တို့တွင် လူနေအိမ် ၃၄ လုံး၊ ဘုန်းတော်ကြီးကျောင်း သုံးကျောင်း၊ စာသင်ကျောင်း တစ်ကျောင်းတို့အမိုးလန်ပျက်စီးဆုံးရှုံးခဲ့ပြီး ၄၀၀ ကေဗွီ ကွန်ကရစ်လျှပ်စစ်မီးတိုင်နှစ်တိုင် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကံမမြို့နယ် လဲလူကုန်းကျေးရွာ၌ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံများပျက်စီး

**ကံမ မေ ၁၀**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ကညင်တိုင်းကျေးရွာအုပ်စု လဲလူကုန်းကျေးရွာ၌ ယမန်နေ့ ညနေ ၄ နာရီခန့်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်တစ်လုံးနှင့် ကျောင်းဆောင်ဟောင်းတစ်လုံး အမိုးလန်ပျက်စီးပြီး လူနေအိမ်တစ်လုံး ပြိုကျပျက်စီးခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်ရာ ကျေးရွာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ ပူးပေါင်း၍ ပျက်စီးမှုများအား ပြင်ဆင်ဆောင်ရွက်ပေးခဲ့ကြပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

ကျော်ဇေယျဝင်း(ကံမ)



# နမ့်စန်မြို့၌ လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့ အမိုးလန်ပျက်စီး

**နမ့်စန် မေ ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်၌ ယမန်နေ့ညနေ ၆ နာရီခွဲခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဟိုက်ဖတ်ကျေးရွာအုပ်စုမှ ဟိုက်ဖတ်ကျေးရွာ၊ နားတုံကျေးရွာနှင့် ဝမ်လုံကျေးရွာတို့ရှိ သွပ်မိုး၊ အုတ်ညှပ် နေအိမ်နှစ်လုံး၊ သွပ်မိုးထရံကာ နေအိမ် ငါးလုံး စုစုပေါင်းခုနစ်လုံး အမိုးလန်ပျက်စီးခဲ့ပြီး အမှတ်(၃)ရပ်ကွက်ရှိ အတုလကာရီ ဘုန်းတော်ကြီး



ကျောင်း အုတ်တံတိုင်း အရှည်ပေ ၄၀ ခန့် ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ သဘာဝဘေးဖြစ်ပွားရာနေရာများသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်အောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများက သွားရောက်၍ အပျက်အစီးရှင်းလင်းရေး လုပ်ငန်းများနှင့် အခြားလိုအပ်သည်များကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဂုဏ်ယူဝမ်းမြောက်ခြင်း

(၆၂)ကြိမ်မြောက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီဆုပေးပွဲ အခမ်းအနားတွင် ၂၀၂၂ခုနှစ်အတွက် အကောင်းဆုံးဇာတ်ကားဆုအဖြစ် Tripple Six ရုပ်ရှင်ထုတ်လုပ်ရေး၏ **"ဝေးမနေချင်ဘူး"** ဇာတ်ကားဖြင့် ထိုက်တန်စွာ ချီးမြှင့်ခြင်းခံရသည့် Tripple Six ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီပိုင်ရှင် **ဦးသန်းဌေး @ JACK** အား One Nine Construction မိသားစုမှ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဒီထက်မကလုပ်ငန်းများအောင်မြင်ပြီး အသက်ရှည်ကျန်းမာစွာဖြင့် စီးပွားရေးနှင့်အနုပညာလုပ်ငန်းများ ဆက်လက်ဖန်တီးနိုင်ပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**U Maung Thein**
**Managing Director**
**One Nine Construction**
**&**
**Myanmar Thein Co., Ltd**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၁/၂၀၂၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ သာကေတကမ်းလွန်ရေနံအခြေစိုက်စခန်းရှိ အသုံးမလိုပိုလျှံသံထည်ပစ္စည်းအဟောင်းများအား အောက်ပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အမျိုးအစား | တန်ချိန် (ခန့်မှန်း) | တင်ဒါပိတ်ရက်/အချိန် | | တင်ဒါဖွင့်ရက်/အချိန် | |
|---|---|---|---|---|---|---|
| | | | နေ့ရက် | အချိန် | နေ့ရက် | အချိန် |
| (၁) | အသုံးမလိုပိုလျှံသံထည် ပစ္စည်းအဟောင်းများ (၁၀၁)ခု | ၁၈၆.၃-တန် | ၂၅-၅-၂၀၂၃ | ၁၂:၀၀နာရီ | ၂၅-၅-၂၀၂၃ | ၁၃:၀၀နာရီ |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား ၁၁-၅-၂၀၂၃ ရက်နေ့မှ ၂၄-၅-၂၀၂၃ ရက်နေ့အထိ ဘဏ္ဍာရေးဌာန၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ပစ္စည်းစီမံဌာန၊ ဖုန်း-၀၆၇၃-၄၁၁၃၄၄၊ ၀၆၇၃-၄၁၁၀၉၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်ရောင်းချရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၊ (ယခင် ကလကာလမ်း)၊ အမှတ်(၁၃)အိမ်နှင့် ၎င်းအိမ်တည်ရှိရာ မြေကွက်မြေတိုင်းအမှတ် ၅/အီး-၃၊ စတုတ္ထတန်းမြေ၊ ဆင်ခြေဖုံးမြေမျိုး၊ မြေပိုင်ဦးပိုင် အမှတ်(၁၂/အေ)၏ တစ်စိတ်တစ်ဒေသဖြစ်သော ဗိုလ်ဥတ္တမလမ်းရှိ မြေကွက်ကလေးအမှတ်(၁၅၆)၊ ဧရိယာပေ(၂၈x၄၀)၊ စတုရန်းပေ (၁၁၂၀)ရှိ မြေနှင့်၎င်းမြေကွက်ပေါ်တွင် တည်ဆောက်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ရှင်ဒေါ်တင်မြ [၁၂/ကမတ(နိုင်)၀၁၆၆၉၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူ၍ စရန်ငွေပေးထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် မြေအရောင်းအဝယ်ကို ကန့်ကွက်လိုပါက အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့် အတူတကွ ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ် ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝင်းနိုင် (B.A, H.G.P, R.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၄၄၆)**
**အမှတ်(၃၁)၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**

## ပျောက်ဆုံးသွားပါကြောင်း

ကျွန်တော် ဦးညွန့်သောင်[၁၂/ဗတထ(နိုင်)၀၁၄၁၅၃]ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-774331375**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ရွှေပျောက်ကျေးရွာ၊ ရွှေပျောက်ရွာကွင်း၊ ကွင်းအမှတ်(၆၂၀)၊ ဦးပိုင်အမှတ်-N/၁၁၊ မြေအမျိုးအစား-G/N၊ ဧရိယာ(၀.၂၃)ဧကရှိ မြေကိုသက်ဆိုင်ရာက ဒေါ်နီနီအေး [၁၃/လရန(နိုင်)၁၁၀၂၈၄] အမည်ဖြင့် အခွန်စည်းကြပ်၍ တရားဝင် လက်ရှိလုပ်ကိုင်နေထိုင်ခွင့်ရမြေဖြစ်ပါသည်။ ယင်းမြေနှင့်ပတ်သက်၍ အများပြည်သူထင်ယောင်ထင်မှားဖြစ်စေရန် ကြေညာခြင်း၊ အကြောင်းကြားစာပို့ခြင်း မပြုလုပ်ကြရန် သတိပေးပါသည်။ လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစိုးဟန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၅၈၁၂) (၁၇-၁၂-၁၉၉၁)**

**ဒေါ်ထူးထူးမြတ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၂၅၃၆) (၁၆-၅-၂၀၁၇)**

**အမှတ်(၃၇)၊ ဘုရားကုန်းမြို့ပြကွက်သစ်၊ သန်လျင်မြို့။**
**Ph:09-250033490, 09-443169412**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/ဆင်ဖြူရှင်ရပ်)၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ တပ်ကြပ်ကြီးကျော်ရွှေ(ကိုယ်ပိုင်အမှတ်- ၅၁၃၂၉၆)၊ [၁၃/တကန(နိုင်)၀၅၈၉၁၃] အဖအမည် ဦးဝါးမောင် အမည်ပေါက်ပါမစ်မြေကွက်အမှတ်၊ ပစ(င)၁၃၇၂ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံ ဇနီးဖြစ်သူ ဒေါ်ခင်ဝင်းကြည်၊ [၁၃/တကန(နိုင်)၀၅၈၉၁၅]၊ အဖအမည် ဦးဘိုးသောင်းမှာ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံး ကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်း ချလန်မိတ္တူ၊ တပ်ကြပ်ကြီးကျော်ရွှေ သေဆုံးခြင်း လက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အဦပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ အေးသာယာရပ်ကွက်၊ မဥ္ဇူ (၃၅)လမ်း၊ အမှတ်(J/၁၃၀)၊ ဧရိယာ ပေ(၄၀x၆၀)၊ (၂၄၀၀)စတုရန်းပေရှိ စလစ်မြေအမျိုးအစားနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးကိုကိုဦး [၁၂/သကတ(နိုင်)၁၀၈၈၄၅]မှတရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးခိုင်စိုးလွင် [၁၂/သကတ(နိုင်)၁၆၅၄၁၉] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဇော်မြင့်ထွန်း(LL.B)** **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၈၂၉)**
**ဒေါ်ခင်သူဇာအောင် (LL.B)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၉၆)**
**အမှတ်(၁၂၅)၊ သခင်ထွန်းအုပ်လမ်း၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၂၀၀၉၉၁၄၈၊ ၀၉-၄၂၈၀၄၉၁၄၁**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပြည့်ဖြိုးမြဲ စွမ်းအင်နှင့်ရေအားစက်ရုံများဌာန လက်အောက်ရှိ ဓာတ်အားပေးစက်ရုံများတွင် အသုံးပြုရန် (မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ပစ္စည်းများအား (DDP At Site) အရောက် ဝယ်ယူရန် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါများ ခေါ်ဆိုလိုပါသည်-

| စဉ် | တင်ဒါအမှတ် | အမျိုးအမည် |
|---|---|---|
| (က) | Tender No.11/ EPGE/ (REHP) 2023-2024 | ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(၅) ရုံအတွက် Seal များနှင့် Brake Shoes များ ဝယ်ယူခြင်း။(8 Items) |
| (ခ) | Tender No.12/ EPGE/ (REHP) 2023-2024 | ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ (၇) ရုံအတွက် Oil Pump, Back Seat, Guide Vane Bush & Valve များဝယ်ယူခြင်း။ (9 Items) |
| (ဂ) | Tender No.13/ EPGE/ (REHP) 2023-2024 | ကွန်းချောင်း ဓာတ်အားပေးစက်ရုံ စက်အမှတ် (၁၊ ၂၊ ၃)တို့၏ Spiral Casing နှင့် Draft Tube များအတွင်း သံချေးတက်ပွန်းစားနေ၍ Sand Blasting & Painting ပြုလုပ်ခြင်း လုပ်ငန်း။ |
| (ဃ) | Tender No.14/ EPGE/ (REHP) 2023-2024 | ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ (၇) ရုံအတွက် PLC, Relay, Device, Micro Step, CPU, Speed Device နှင့် Valve Drive များ ဝယ်ယူခြင်း။(10 Items) |
| (င) | Tender No.15/ EPGE/ (REHP) 2023-2024 | ရဲရွာစက်ရုံနှင့် အထက်ပေါင်းလောင်း ဓာတ်အားပေးစက်ရုံတို့အတွက် Protection Device များ Generator Main PLC, Synchronizing Device များ ဝယ်ယူခြင်း။(10 Items) |
| (စ) | Tender No.16/ EPGE/ (REHP) 2023-2024 | ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ (၈) ရုံအတွက် UPS, Computer System Unit, HMI & Communication Manager များဝယ်ယူခြင်း။ (12 Items) |

၂။ ဝယ်ယူမည့် ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ (၁၃:၀၀)နာရီ နောက်ဆုံးထား၍ **(လူကိုယ်တိုင်)** လာရောက်တင်သွင်းရမည်။
၃။ တင်ဒါပိတ်ရက်နှင့်အချိန် - (၂၅-၅-၂၀၂၃) ရက်နေ့၊ (၁၃:၀၀)နာရီ
၄။ တင်ဒါလက်ခံမည့်နေရာ - လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဖြည့်တင်းရေးဌာန၊ရုံးအမှတ် (၂၇)၊ နေပြည်တော်
၅။ တင်ဒါပုံစံများအား သတင်းစာကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ (ဖုန်း၊ ၀၆၇-၈၁၀၄၂၇၉)**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၂၊ ချမ်းမြေ့သာယာ(၂)လမ်း၊ မြေကွက်အမှတ်-၂၇၀၊ ဧရိယာ(၀.၀၅၅)ဧက၊ (၄၀ ပေx ၆၀ပေ)၊ (၂၄၀၀)စတုရန်းပေ အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းမှတ်တမ်းတွင် ဒေါ်ခင်သန်းဆွေ[၅/ရဘန(နိုင်)၀၁၈၁၅၂]အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းမှအထက်ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမွေဆိုင်၊ အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ မိမိလက်ဝယ်ထားပိုင်ဆိုင်ကြောင်းနှင့်လွှတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ(၁၄)ရက်အတွင်းကျွန်ုပ်ထံ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လှဲ့လှဲ့ဝင်း (LL.B, D.B.L, DIL, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)**
**အမှတ်-၁၀၈/၁၁၀၊ ၃၈-လမ်း (အောက်)၊ ၆-ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း ၀၉-၄၀၁၅၄၆၂၄၀ ၊ ၀၉-၇၉၉၅၉၅၅၀၅**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၇)ရပ်ကွက်၊ မြေကွက်အမှတ်(၆၂)၏ မြေအကျယ်အဝန်း (၄၀x၆၀)ပေရှိ ဒေါ်ခင်သန်းဆွေ (AA-၀၁၈၅၂၄)အမည်ပေါက် မြေချပါမစ်မြေအမျိုးအစား မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်အေးအေးမြင့်[၁၂/ဒဂရ(နိုင်)၀၂၄၂၂၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)**
**(LL.B, D.I.L)**

**ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)**
**(LL.B, D.B.L, D.I.L, WIPO switzerland)**

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၅၇၇၅၁၂၄၁**

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## အနုပညာဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၏ အမျိုးသားဇာတ်ရုံ(ရန်ကုန်) အရှေ့မျက်နှာစာ (၅၀'x၇၀')သံကူကွန်ကရစ်နှစ်ထပ်အဆောက်အအုံကို ငှားရမ်းရန်အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းသူများအား ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါစတင်ရောင်းချမည့်ရက် -၁၁ - ၅ - ၂၀၂၂
(ခ) တင်ဒါပိတ်မည့်ရက် -၂၅ - ၅ - ၂၀၂၂
(ဂ) တင်ဒါပိတ်မည့်အချိန် -နေ့လယ် ၁၆:၃၀ နာရီ
(ဃ) တင်ဒါပုံစံရောင်းချမည့်နေရာ/ တင်ဒါတင်သွင်းရန်နေရာ -အမျိုးသားဇာတ်ရုံ(ရန်ကုန်)၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
(င) တင်ဒါပုံစံ(၁)စောင်လျှင် ကျသင့်တန်ဖိုး - ၅၀၀၀ိ/ (ကျပ်ငါးထောင်တိတိ)

၂။ တင်ဒါတင်သွင်းခြင်းနှင့်ပတ်သက်၍ အသေးစိတ် အချက်အလက်များအား သိရှိလိုပါက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ အမျိုးသားဇာတ်ရုံ(ရန်ကုန်) ၀၆၇-၃၄၀၈၀၈၅၊ ၀၁-၃၈၂၄၈၉၊ ၀၁-၃၉၅၁၅၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

*****မှတ်ချက်။ တင်ဒါဖွင့်မည့် နေ့ရက်နှင့် အချိန်ကို တယ်လီဖုန်းဖြင့် ဆက်သွယ် အကြောင်းကြားသွားမည်ဖြစ်ပါသည်။**

**အနုပညာဦးစီးဌာန**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၆)၊ မြေကွက်အမှတ်(၁၄၆)၊ အကျယ်အဝန်း(၄၀'x ၆၀')ရှိ ဦးအေးဝင်း(NTN-၀၀၈၆၀၂)အမည်ပေါက်ပါမစ်မြေထဲမှ (၂၀' x ၆၀')ပါမစ်မူရင်းခြမ်းမြေအား ကန့်ကွက်နိုင်ပါသည်

အထက်ဖော်ပြပါမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ယခုလက်ရှိတရားဝင်ပိုင်ဆိုင်ထားသူ ဒေါ်ဝင်းလှဲ့လှဲ့နိုင် [၇/အတန(နိုင်)၀၇၉၀၀၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတချို့အား ပေးချေပြီးဖြစ်ပါသည်။ ၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ၎င်းမြေကွက်နှင့်သက်ဆိုင်သည့်စာချုပ်စာတမ်းမူရင်းများအားလုံးဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-ဒေါ်တင့်တင့်နိုင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၅၃) LL.B, DBL, DIL, CBL**
**အမှတ်(၃၄၇)၊ မာလာရုံလမ်း၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၄၂၀၀၃၂၇၂၂**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ မြေကွက်အမှတ်(၇၇၂)၊ အကျယ်အဝန်း(၄၀'x ၆၀')ရှိ ဦးခင်ညွန့် [၁၂/ကမတ(နိုင်)၀၂၄၈၃၇]အမည်ပေါက်ပါမစ်မြေထဲမှ (၂၀' x ၆၀')ပါမစ်မူရင်းခြမ်းမြေအား ကန့်ကွက်နိုင်ပါသည်

အထက်ဖော်ပြပါမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ယခုလက်ရှိတရားဝင်ပိုင်ဆိုင်ထားသူ ဦးသန်းဇော်ဌေး [၈/မမန(နိုင်)၁၉၃၄၁၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေပြီးဖြစ်ပါသည်။ ၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ၎င်းမြေကွက်နှင့်သက်ဆိုင်သည့်စာချုပ်စာတမ်းမူရင်းများအားလုံးဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-ဒေါ်တင့်တင့်နိုင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၅၃) LL.B, DBL, DIL, CBL**
**အမှတ်(၃၄၇)၊ မာလာရုံလမ်း၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၄၂၀၀၃၂၇၂၂**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(က))
## သဃ်န်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၁

ဧရာဝတီတောင်သူလယ်သမားများ နှင့် ၁။ဦးဉာဏ်စိုးလွင်
ဖွံ့ဖြိုးရေးဘဏ်လီမိတက်(A Bank) ၂။ဒေါ်နွယ်နွယ်ဆွေ
(ဘဏ်၏ကိုယ်စားတာဝန်ပေးအပ်ခြင်းခံရသူ
မန်နေဂျာ ဦးသက်မောင်မောင်ကြူး)

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၂၇)ရပ်ကွက်၊ တော်ဝင်နှင်းဆီလမ်း၊ အမှတ်(၄၂/၄)နေ တရားပြိုင် ၁။ဦးဉာဏ်စိုးလွင် ၂။ ဒေါ်နွယ်နွယ်ဆွေ (ယခုနေရပ်လိပ်စာ မသိသူတို့) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေပေါင်းကျပ်(၁,၆၈၁,၆၆၄,၄၄၄.၁၃ပြား)(ငွေပေါင်းကျပ်တစ်သောင်းခြောက်ထောင် ရှစ်ရာ တစ်ဆယ့်ခြောက်သိန်းခြောက်သောင်းလေးထောင်လေးရာ ဆယ့်လေးနှင့်တစ်ဆယ့်သုံးပြားတိတိ) အပေါ် အပေါင်ဒီကရီရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ခုနှစ်၊ မေလ (၂၉) ရက် (၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက် အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့မဟုတ်)သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ မေလ(၄)ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းမြင့်ထွန်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## “အများသိစေရန်ကြေညာချက်”

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၉)၊ မြေကွက်အမှတ် (၁၀၁၃)၊ (အလျား ၄၀ပေ x အနံ ၆၀ပေ) အကျယ်ရှိ နှစ်(၆၀) မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၂၉)ရပ်ကွက်၊ သခင်ဗဟိန်းလမ်း၊ အမှတ်(၁၀၁၃) ဟုခေါ်တွင်သော မြေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ရောင်းသူများဖြစ်သော ဦးအေးမင်း [၁၄/မအန(နိုင်)၁၈၉၈၁၈]၊ ဒေါ်အေးမြင့်သန်း [၁၄/ဂခမ(နိုင်) ၀၀၂၇၆၉]တို့ အမည်ပေါက်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိအိခိုင် [၁၃/ကလန(နိုင်)၀၆၅၀၂၄]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေနှင့်အိမ် အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုငြိမ်း LL.B.,D.B.L., D.I.L.**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်– ၉၂၈၉**
**အမှတ် (၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၁–၃၇၃၀၄၆၊ ၀၉–၅၄၀၆၆၁၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ သုမိတ္တာလမ်း(၂၀) မြေကွက်အမှတ်(၇၈၄) ဟုခေါ်တွင်သည့် အကျယ် (၂၅'x၅၀')ရှိ ဦးစိန်ဝင်း+၁ အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ အကျယ် (၁၂' ၆''x၅၀')ရှိ (မြေကွက်ကို လမ်းမျက်နှာမူလျှင် ယာဘက်ခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းသန်း [၁၂/မဂဒ(နိုင်)၀၁၄၃၄၆]ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)ဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းအောင် (LL.B, D.M.L, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၁၅၆)**
**ဖုန်း– ၀၉–၄၂၁၁၂၃၇၁**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင် (စံပြ)ရပ်ကွက်၊ အရှေ့မြို့ပတ်လမ်း၊ အမှတ်(၁)၊ ပထမထပ် ဟုခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နွယ်နွယ်ထွန်း [၁၃/ကမန(နိုင်)၀၈၉၂၂၀]နှင့် ဦးလီကျံမိုး(ခ)အောင်နိုင် [၁၃/ကမန(နိုင်)၀၆၇၀၁၁]တို့၏ နှစ်ဦးပိုင်နှစ်ဦးဆိုင်တိုက်ခန်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူနှင့် ဦးလီကျံမိုး(ခ)အောင်နိုင်တို့၏ နှစ်ဦးသဘောတူညီချက်မပါဘဲ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ လှူဒါန်း၊ ပေးကမ်း၊ စွန့်လွှတ်ခြင်းများအား တားမြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးပြည့်ငြိမ်းအောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၃၀၁၅၅/၂၄–၁၂–၂၀၀၉)**
**(၃၁/A)၊ ပ–ထပ်၊ ၁၆၅ လမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၈၈၄၂၄၆၂၆၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊(၃)ရပ်ကွက်၊လှည်းတန်း(၆)လမ်း၊တိုက်အမှတ် (၄)၊အခန်းအမှတ်(A-5)၊အကျယ်အဝန်း(၁၂ ½' × ၅၀')ခန့်ရှိ၅–လွှာ(တိုက်၏မျက်နှာချင်းဆိုင်မှကြည့်လျှင်ယာဖက်ခြမ်း)တိုက်ခန်းရေမီးစုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားတရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးကိုကိုလေး (၁၂/ဗတထ(နိုင်)၀၃၅၅၁၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရန်ငွေပေးချေပြီးဖြစ်ပါသည်၊ ကန့်ကွက်လိုသူများရှိပါကခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွကျွန်ုပ်ထံသို့ဤကြေညာစာပါသည့်နေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်၊ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်အေးမြင့်(စဉ်–၇၁၅၈)
LL.B, LL.M, D.B.L
တရားလွှတ်တော်ရှေ့နေ
အမှတ်(G-1)၊အောင်ဆန်းကွင်းမြောက်ဘက်တန်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း –၀၉–၅၁၈၆၀၄၅၊

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ သုံးတောင်ကျေးရွာ၊ ရွာမြေအမျိုးအစား ဟုခေါ်တွင်သော အလျား(တောင်–မြောက်) (၁၄၀)ပေx အနံ (တောင်ခြမ်း) ပေ(၈၀)၊ (မြောက်ခြမ်း) ပေ(၂၄)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကိုခိုင်စိန်လင်း (ကွယ်လွန်သူ)မှ တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါတွင် ၎င်း၏ဇနီးဖြစ်သူ မစန္ဒာစိုး [၁၂/အစန(နိုင်) ၁၈၉၁၁၄]မှ စီမံခန့်ခွဲ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အမွေဆိုင်၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေ ကိုလှိုင်မင်းစိုး [၁၂/ရပသ(နိုင်) ၀၈၀၇၅၁]ထံသို့ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှလည်း ဝယ်ယူရန် သဘောတူညီပြီး ရောင်းဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါခြံမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများနှင့် ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်း အထောက်အထား စုံလင်စွာဖြင့် ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အဆိုပါနေ့ရက်ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေဘက်မှ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသူရမျိုးဝင်း (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ် – ၄၀၂၄၈)**
**အင်းစိန်ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း – ၀၉–၂၅၄၀၅၆၉၆၄**

## အမည်ပြောင်း

နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ နွယ်သာကီလမ်း၊ အိမ်အမှတ် (၃၀၇၇၈)မှ ဦးထွန်းထွန်းနိုင် [၁၂/မဘန(နိုင်)၀၈၅၈၁၉]၏သမီး ချယ်ရီထွန်းနိုင်အား မချယ်ရီထက် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မချယ်ရီထက်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မြင့်မြတ်ထူး [၇/ပခန (နိုင်) ၄၀၉၀၅၃]၏ နိုင်ငံကူးလက်မှတ် MF–403350 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန် –

**ဖုန်း– ၀၉–၉၅၅၁၂၉၀၂**

## ပျောက်ဆုံးကြောင်း

လယ်ဝေးမြို့နယ်၊ သာဝတ္တိရွာမနေ မချိုချိုအောင် (ဘ) ဦးအောင်သန်း [၁၂/ဒဂမ(နိုင်) ၀၀၈၈၆၁]၏ နိုင်ငံကူးလက်မှတ် ၆၇၆၇၉၅ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း– ၀၉–၉၇၉၉၁၆၄၆၄**

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ကမ်းရင်းကျေးရွာနေ ဦးထွန်းနိုင် – ဒေါ်ခင်စန်းဝင်းတို့၏သား အ.လ.က(အေးရွာ) န၀မတန်းတွင် ပညာသင်ကြားနေသော မောင်ကောင်းခန့်ဇင်လင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၉–၁–၂၀၀၉ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေး၊ ပွဲရုံဆိုင်ခန်းအမှတ် (ပ–၇၁) ဆိုင်ခန်းအား နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မောခမ်းနွံ့ စားသောက်ဆိုင်၊ အမှတ်–၉(က/ခ) နေ ဦးအိုက်ပန် [၁၃/တကန(နိုင်) ၀၄၆၁၅၃] အမည်ပေါက် ပိုင်ဆိုင်ပြီး (ခင်ပွန်းဖြစ်သူ ကွယ်လွန်သွားပါသဖြင့်) ဇနီးဖြစ်သူ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မောခမ်းနွံ့ စားသောက်ဆိုင်၊ အမှတ်– ၉(က/ခ)နေ ဒေါ်ခမ်းငွေ [၁၃/တကန(နိုင်)၀၄၆၁၅၄]သို့ အခွန်ထမ်း အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်**
**သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန် ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ– ၂၀ )
## ဗိုလ်တထောင်ခရိုင်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၄၀

| | | |
|---|---|---|
| ဦးတင်ဌေး | နှင့် | ဒေါ်အုံးကြည် |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ ရွှာမလမ်း၊ အမှတ်– ၂၉၀ နေ တရားပြိုင် ဒေါ်အုံးကြည် (ယခုလိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက “ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၁၆၃)၊ (အလျား ၂၅'x အနံ ၅၀') အကျယ်ရှိနှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၁)ရပ်ကွက်၊ (၁၅)လမ်းအလယ်၊ အမှတ်(၃၈၂) ဟုခေါ်တွင်သော တရားပြိုင် ဒေါ်အုံးကြည် အမည်ပေါက် မြေနှင့်အိမ်ကို အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ပြုလုပ်ချုပ်ဆိုပေးစေလိုမှု”ကို လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ မေလ (၂၅)ရက်နေ့ (၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၇ ရက်) နေ့မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ မေလ (၁၀)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သင်းမြမြစိုး)**
**ဒုတိယခရိုင်တရားသူကြီး (၃)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၄

| | | |
|---|---|---|
| ဒေါ်သီတာ | နှင့် | ဒေါ်သောင်း |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတ(၃)လမ်း၊ အမှတ်(၄၀၉/က)နေ ဒေါ်သောင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ–၁၂ အရ မြေနှင့်အိမ် အပြီးအပိုင်အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်)၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ မေလ (၁၆)ရက်၊ (၁၃၈၅ ခုနှစ်၊ ကဆုန်လဆုတ် ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလုပ်လိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ မေလ(၅)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နန်းရွှန်းလဲ့)**
**မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ်(၇၄၂/ခ) အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးဖြိုးမြတ်သူ [၁၂/ဗတထ(နိုင်)၀၃၈၆၈၇]သည် ဦးထန်ရှင်းမန် [၁၂/သဃက(နိုင်)၁၈၁၈၅၄] ထံမှ (၇–၅–၂၀၂၃)ရက်စွဲပါ “နှစ်ဦးသဘောတူမြေနှင့်အိမ် အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်”ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိပြီး ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဖြိုးမြတ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးပြည်သာကျော်မိ(LL.B)**
**(တရားလွှတ်တော်ရှေ့နေ)စဉ်–၁၅၈၃၅**
**အမှတ်(၅၈)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၁၀၄၇၄၀၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ သုဇာတာ(၉)လမ်း၊ အမှတ်(၈၀၉)မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ ၅–လွှာ(A)၊ အကျယ်အဝန်း (အလျား ၁၃' ၄''x အနံ ၆၀') အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ တွယ်ကပ်တပ်ဆင်ထားသော လျှပ်စစ်မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ညိုညိုချစ် [၁၂/မဂတ(နိုင်)၁၀၃၉၀၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အရောင်းအဝယ်ပြုလုပ်ရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၃၄၇)**
**ဖုန်း–၀၉–၄၂၀၃၀၆၉၃၈**

## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကချင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## ဗန်းမော်ခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တင်ဒါအမှတ်စဉ် (၁/၂၀၂၃)

၁။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဗန်းမော်ခရိုင်မှ ၂၀၂၃–၂၀၂၄ ခု ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းလုပ်ငန်းအတွက် တည်ဆောက်ရေးပစ္စည်းများ(မြန်မာ)ကျပ်ငွေဖြင့် ဝယ်ယူရန် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်–

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာဝယ်ယူနိုင်သည့် နေ့ရက် | – | ၁၁–၅–၂၀၂၃ (ကြာသပတေးနေ့) |
| (ခ) | တင်ဒါလျှောက်လွှာနောက်ဆုံး ဝယ်ယူရမည့် နေ့ရက်/အချိန် | – | ၂၅–၅–၂၀၂၃ (ကြာသပတေးနေ့) မွန်းတည့်(၁၂:၀၀)နာရီ |
| (ဂ) | တင်ဒါဖွင့်လှစ်မည့်နေ့ရက်/အချိန် | – | ၃၀–၅–၂၀၂၃ (အင်္ဂါနေ့) နံနက် (၁၀:၀၀)နာရီ |
| (ဃ) | တင်ဒါလျှောက်လွှာတင်သွင်းရမည့် နေ့ရက်/အချိန်/နေရာ | – | ၃၀–၅–၂၀၂၃(အင်္ဂါနေ့) နံနက်(၉:၀၀)နာရီမှ (၁၀:၀၀)နာရီအတွင်း |

လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊
ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဗန်းမော်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တယ်လီဖုန်းနံပါတ်– ၀၉–၄၀၀၀၂၅၄၀၂ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ **တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ပုဇွန်တောင်ဈေး၊ စားသောက်ရုံ၊ ဆိုင်အမှတ်(၄၂)၊ ဆိုင်ခန်းအငှားချထားခံရသူ ဒေါ်လှလှသန်း [၁၂/သကတ(နိုင်)၀၄၈၅၃၃] ကွယ်လွန်ပြီး ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အမှတ် (S–15013) မှာ ပျောက်ဆုံးသွားပါ၍ သေစာရင်းမိတ္တူ၊ ကျမ်းကျိန်လွှာ (၈၁၆/၂၀၂၃) တင်ပြ၍ သားဖြစ်သူ ဦးဇော်ထွန်းနိုင် [၁၂/သကတ(နိုင်)၁၇၄၇၅၂]မှ အမည်ပြောင်း လျှောက်ထားပြီး ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အသစ် ထုတ်ယူခွင့် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း ခိုင်လုံသော မူရင်းစာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**သက်ဆိုင်ရာဈေးတာဝန်ခံ၏ဖုန်း– ၀၉–၄၂၀၃၁၉၉၀**

## “ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း”

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်လမ်း၊ အမှတ်–၅၀ တည်ရှိရာ မြေတိုင်းအမှတ် ၆–ကံဘဲ့၊ မြေကွက်အမှတ်–၁/င–၁၊ ဧရိယာ(၀.၁၂၄) ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ ပိုင်ရှင်ဦးကျော်နိုင်ဦး [၉/အမဇ(နိုင်)၀၁၉၈၈၈]က ဇနီးဖြစ်သူ ဒေါ်ဇာခြည်လင်း [၉/ခအဇ(နိုင်)၀၀၃၃၁၇]နှင့်အတူ ပူးတွဲအမည်ပေါက် ဆောင်ရွက်လို၍ မိမိ၏ပိုင်ဆိုင်မှုမှ ထက်ဝက်အစုကို မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် အပိုင်ပေးအပ်ခြင်းအပေါ် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မေတ္တာဖြင့်ပေးကမ်းခြင်း မှတ်ပုံတင်စာချုပ်ကို ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်လှတင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၆၄၅)**
**အမှတ်–၁၃၈/၁၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၅၀၂၁၂၄၄၊ ၀၉–၄၅၅၀၂၁၂၄၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ ဥက္ကာ(၂)လမ်း၊ တိုက်အမှတ်(၃၃)၊ အခန်းအမှတ်–စတုတ္ထထပ် (၅လွှာ) ဟုခေါ်တွင်သည့် အကျယ် (၁၈x၅၃)ပေရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်လွင်မာတင်အောင် [၁၄/မအန(နိုင်)၁၁၀၆၂၇]ထံမှ ဒေါ်သဲနုအေး [၇/ကဝန(နိုင်) ၁၁၇၀၇၇]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)ဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းအောင်(LL.B, D.M.L, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၁၅၆)**
**ဖုန်း–၀၉–၄၂၁၁၂၃၇၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥတိုကျေးရွာ၊ အင်းတွင်းကြီးအရှေ့ကွင်း၊ အကွက်အမှတ်– ၇၈၂ကᵃ၊ ဦးပိုင်အမှတ်– ၆၅ᵇ၊ ဧရိယာအကျယ်အဝန်း (၅.၅၅)ဧကရှိ လယ်မြေများနှင့် ဆက်နွှယ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်အေးမြင့် (N/RGN–၀၀၄၇၂၁) အမည်ပေါက်ဖြင့် ပုံစံ–၇ထွက်ရှိထားပြီး တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသောကြောင့် အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ဆွေဇင်ဦး(LL.B)** | **ဒေါ်နှင်းဝတ်ရည်ထွေး(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်–၅၀၉၁၉)** | **အထက်တန်းရှေ့နေ(စဉ်–၅၄၂၆၉)** |

**အမှတ်(၂၉၇/က)၊ ဂန့်ဂေါ်ရိပ်သာလမ်း၊ ၁၆/၃ ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၃၁၂၀၀၄၅၊ ၀၉–၇၄၀၉၅၄၀၁၇။**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ညွန့်ရင်
### အသက်(၈၆)နှစ်

စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူ-ဒေါ်ရီရီကျော်တို့၏ မိခင်ဖြစ်သူ ဒေါ်ညွန့်ရင်သည် ၁၀-၅-၂၀၂၃ (ဗုဒ္ဓဟူးနေ့) ညနေ ၃:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ဇနီး ဒေါ်နီလာစိန်**
**စက်မှုဝန်ကြီးဌာန**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ပိုပို(ခ)MRS, S.B. BARUA
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ အမှတ်(၃၅)၊ ဓမ္မာရုံဖြတ်လမ်းနေ (ဦးဘမြင့်) (ခ) Mr.N.B.BARUA ၏ဇနီး၊ ဦးမြကြူ-ဒေါ်ဇင်မာအေး၊ ဦး A.BARUA-ဒေါ်ဥမ္မာခင်၊ ကိုမင်းဇော်၊ ကိုကျော်ဇင်ဟိန်း-မခိုင်ခိုင်ကျော့တို့၏ မွေးသမိခင်၊ မရွှေရည်ဖူး၏ အဘွားသည် ၉-၅-၂၀၂၃ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၂၃ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် - မန္တလေး မြန်မာစာဌာနမှ ကထိက/ဌာနမှူး ဒေါ်နီနီလှိုင်၏မိခင် ဒေါ်မြညွန့် အသက် (၈၅)နှစ်သည် ၉-၅-၂၀၂၃ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊ ဆရာ/မ များနှင့် ဝန်ထမ်းများ**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်**
**မန္တလေး**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ ဦးမျိုးမင်း (ခ) Dr. Cyril Tan
### Patron, မြန်မာနိုင်ငံကလေးကျန်းမာပညာအဖွဲ့
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပန်တျာလမ်း၊ အမှတ် (၃၄)နေ မြန်မာနိုင်ငံကလေးကျန်းမာပညာအဖွဲ့၏ Patron တစ်ဦးဖြစ်သော ဒေါက်တာ ဦးမျိုးမင်း(ခ) Dr. Cyril Tanသည် ၆-၅-၂၀၂၃ (စနေနေ့) နံနက် ၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံကလေးကျန်းမာပညာအဖွဲ့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ပိုပို(ခ)MRS.S.B BARUA
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၃၅) ဓမ္မာရုံဖြတ်လမ်းနေ (ဦးဘမြင့်) (ခ) MR.N.B BARUA ၏ ဇနီး၊ တောင်ပုလုကျောက်ဆင်ရန်ကုန်စခန်း (အောင်အကယ်ဒမီ) ဖြစ်မြောက်ရေးတာဝန်ခံနှင့် မြမဉ္ဇူဘုရားဝင်း အတွင်း အောင်အကယ်ဒမီဓမ္မာရုံဖြစ်မြောက်ရေး တာဝန်ခံ ဖြစ်သော ဦးမြကြူ၏ ကျေးဇူးရှင်မိခင် ဒေါ်ပိုပိုသည် ၉-၅-၂၀၂၃ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရ ပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူး ဝမ်းနည်းကြေကွဲရပါကြောင်း။

**တောင်ပုလုကျောက်ဆင်ရန်ကုန်စခန်း**
**အကျိုးဆောင်အဖွဲ့**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးရဲညွန့်
### ဦးစီးအရာရှိ(ငြိမ်း) အကောက်ခွန်ဦးစီးဌာန
### အသက် (၇၇)နှစ်

ရွှေခေတ်မြန်မာ့လက်ရွေးစင်နှင့် အကောက်ခွန်ဘောလုံးသမား ဟောင်း စီမံ/ဘဏ္ဍာဝန်ကြီးဌာန (အကောက်ခွန်) နည်းပြချုပ်ဟောင်း ဖြစ်သူ ဦးရဲညွန့် အသက် (၇၇)နှစ်သည် ၉-၅-၂၀၂၃ (အင်္ဂါနေ့) နံနက် ၉:၂၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အကောက်ခွန်ဘောလုံးသမားဟောင်းများအဖွဲ့**
**အုပ်ချုပ်/နည်းပြများနှင့် တပည့် ဘောလုံးသမားဟောင်းများ**

---

## ဒေါ်အမာ
### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ အမှတ် (၃၃-က)၊ စော်ဘွားလမ်း၊ (၉)မိုင်၊ မရမ်းကုန်း မြို့နယ်နေ [ဦးဘအုန်း-ဒေါ်စိန်ညွန့်(မအူပင်)]တို့၏ သမီး၊ (ဦးမောင်ဖေ-ဒေါ်စိန်နှစ်)တို့၏ သမီးချွေးမ၊ (ဦးမောင်မောင်လွင်)၏ ချစ်လှစွာသောဇနီး၊ (ဦးဘို-ဒေါ်ခင်စုမေ)၊ (ဦးကျော်ထွန်း-ဒေါ်ခင်ခင်)၊ (ဦးခင်ဦးဖေ-ဒေါ်ခင် ခင်ထား)၊ (ဦးသန်းထွန်း)-ဒေါ်ခင်ရီမေတို့၏ ညီမ/အစ်မ၊ Capt: ဝင်းလွင်-ဒေါ်သီတာအောင်၊ ဦးမျိုးအောင်ထွေး-ဒေါ်စုစုလွင်တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်အမာသည် ၉-၅-၂၀၂၃ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ဘဝ တစ်ပါးသို့ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ် ကို ၁၁-၅-၂၀၂၃ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈:၁၅ နာရီတွင် ထွက် ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၅-၂၀၂၃ (တနင်္လာနေ့) နံနက်တွင် ဘုရားအမှူးရှိသော သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချ အမျှပေးဝေ မည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ တရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးကြီးမောင်မောင်(ငြိမ်း)
### ကျောင်းအုပ်ကြီး(ငြိမ်း)
### ဗဟိုဝန်ထမ်းတက္ကသိုလ်၊ ဖောင်ကြီး
### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ တိုက်(၂၉၃)၊ အခန်း(၂)၊ ရန်အောင်(၂)လမ်း၊ ရန်ကင်းမြို့နယ်နေ (ဒေါ်လွင်လွင်)၏ ခင်ပွန်း၊ ဦးမောင် မောင်လွင်-ဒေါ်အေးအေးလှ၊ ဒေါက်တာသက်သက်လွင်၊ ဒေါက်တာခိုင်ခိုင်လွင်၊ ဦးမောင်မောင်အောင်-ဒေါ်အေး အေးသန်း၊ ဦးမောင်မောင်ဆွေတို့၏ဖခင်၊ မြေး ငါးယောက်၊ မြစ် တစ်ယောက်တို့၏အဘိုး ဗိုလ်မှူးကြီးမောင်မောင်(ငြိမ်း) သည် ၁၀-၅-၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက် ၄:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင့်တင့်ရှိန် (ဟင်္သာတမြို့)
### အသက် (၈၄)နှစ်

ဟင်္သာတမြို့နေ (ဦးထွန်းရှိန်-ဒေါ်အုံးကျင်)တို့၏သမီး၊ ရန်ကုန်မြို့၊ ရန်ကင်း မြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ (၁)၊ တိုက် (၁၅)၊ အခန်း(၂)နေ (ရဲမှူးကြီး ဦးမြင့် အောင်)၊ (ရဲကျော်သူ)(ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဒေါ်စီစီအောင်-(ဦးသူရိန်စိုး)၊ ဒေါ်သီတာအောင်၊ ဒေါ်နီလာအောင်-ဦးရွှေဝင်းမောင်၊ (ဒေါ်သက်သက်အောင်)၊ ဦးအောင်အောင် (USA)၊ ဦးသူရိန်အောင် (FRANCE)တို့၏ ချစ်လှစွာသောမိခင်၊ မောင်ကျော်ဝေယံထက်-မနှင်းသဇင်ဖြိုး၊ မောင်ပြည့်ဖြိုးသူ၊ မောင်ကျော်အာကာ ထက်၊ မောင်ရာဇာရွှေဝင်းတို့၏ချစ်လှစွာသောအဘွားဖြစ်သူ ဒေါ်တင့်တင့်ရှိန် သည် ၉-၅-၂၀၂၃ရက် မွန်းလွဲ ၂နာရီတွင် SSC (ရွှေဂုံတိုင်အထူးကုဆေးရုံ)၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီ တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

နေအိမ်မှ ကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁၅-၅-၂၀၂၃ရက် (တနင်္လာနေ့) နံနက် ၇ နာရီ မှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ရွှေလှိုင် (ကျောက်ဖြူ)
### အသက်(၇၈)နှစ်

ကျောက်ဖြူမြို့၊ အလယ်ပိုင်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ နာရီစင်အနီးနေ (ဦးရွှေမြစ်ကေ-ဒေါ်လုံးညို)တို့၏ သမီးလတ်၊ (ဦးမြင့်မောင်-ဒေါ်အေး ကျော့ဦး)၊ (ဦးစံလှိုင်)-ဒေါ်ခင်ခင်နုတို့၏ ညီမ၊ ဦးသန်းရွှေမောင်-ဒေါ်မြလှိုင် တို့၏ အစ်မ၊ [ဦးသန်းမြင့် (မြန်မာ့စီးပွားရေးဘဏ်-ငြိမ်း)]၏ ဇနီး၊ ဦးအောင် သန်းနိုင် (ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ရုံးချုပ်၊ နေပြည်တော်)၊ ဦးညီညီ မျိုးထွန်း (မြန်မာ့ဆက်သွယ်ရေး)-ဒေါ်ခင်မာလွင် (မြန်မာ့စီးပွားရေးဘဏ်၊ ကျောက်ဖြူခရိုင်ဘဏ်ခွဲ)တို့၏ မွေးသမိခင်၊ မောင်အောင်သီဟထွဋ်၊ မီးကလေးဖူးဖူးတို့၏ ဘောင်ဘောင် ဒေါ်ရွှေလှိုင်သည် ၁၀-၅-၂၀၂၃ (ဗုဒ္ဓဟူး နေ့)တွင် ကျောက်ဖြူမြို့နေအိမ်၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စ ရောက်ရှိသွားပါသဖြင့် ၁၂-၅-၂၀၂၃ (သောကြာနေ့)တွင် ကျောက်ဖြူမြို့မ သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေ သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဖျာပုံမြို့နယ်အသင်း (ရန်ကုန်)

## ဦးသန်းဝင်း
### ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)
### အသက် (၇၅) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ရွှေနှင်းဆီ (၆)လမ်း၊ အမှတ် (၃၆၄)နေ ဒေါ်တင်တင်နု၏ခင်ပွန်း ဖျာပုံမြို့နယ်အသင်း (ရန်ကုန်)၏ အမှုဆောင် ဦးသန်းဝင်းသည် ၅-၅-၂၀၂၃ (သောကြာနေ့) ည ၁၀း၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၆-၅-၂၀၂၃ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

## ဦးဇော်ဝင်း
### မန်နေဂျာ(ငြိမ်း)၊ ကြေးမုံသတင်းစာတိုက်
### အတွင်းရေးမှူး၊ သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း
### အသက် (၆၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (က+ဂ)ရပ်ကွက်၊ (၁၅၄)လမ်း၊ တိုက်(၁)၊ အခန်း(၃၀၁)နေ (ဦးလှမောင်-ဒေါ်အမာ)တို့၏သား၊ ကျောက်တန်းနေ (ဦးမောင်သန်း-ဒေါ်ခင်စိန်)တို့၏သားသမက်၊ ဦးတင့်ဇော်-ဒေါ်သန်းရီ၊ (ဦးမောင်ကျော်-ဒေါ်သန်းသန်းနွဲ့)၊ (ဦးစိုးမြင့်)-ဒေါ်လှဲ့လှဲ့ဝင်းတို့၏ညီ/မောင်၊ ဦးမြင့်ဇော်-ဒေါ်ခင်စောမြင့်၊ ဦးမင်းဇော်-ဒေါ်ကြည်ကြည်ဝင်း၊ (ဦးမင်းမော်)တို့၏အစ်ကို၊ ဒေါ်စန်းမြင့်မြင့်(ဗဟိုဘဏ်၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ တူ/တူမ ၁၀ ယောက်တို့၏ ဦးလေး၊ မြေး ၁၆ ယောက်တို့၏အဘိုး ဦးဇော်ဝင်းသည် ၁၀-၅-၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက် ၃:၀၅ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၃(သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၂၃ ရက် နံနက် ၇ နာရီတွင် ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဇော်ဝင်း
### မန်နေဂျာ(ငြိမ်း)၊ ကြေးမုံသတင်းစာတိုက်
### အတွင်းရေးမှူး၊
### သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း
### အသက် (၆၆)နှစ်

ဦးဇော်ဝင်းသည် ၁၀-၅-၂၀၂၃ ရက် နံနက် ၃:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်း ရပါကြောင်း။

**အမှုဆောင်အဖွဲ့**
**သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း**

---

သင့်
သွေးဖြင့်
အသက်
ကယ်ပါ

---

## အထူးကျေးဇူးတင်ရှိပါကြောင်း

ဦးအောင်သန်းဦး (ဥက္ကဋ္ဌ-ငြိမ်း၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များ အသင်း)၏ နာရေးကိစ္စအဝဝအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးခဲ့ကြသော အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ မိတ်ဖက်ကုမ္ပဏီများ၊ လုပ်ဖော်ကိုင်ဖက် စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းအမှုဆောင် အဖွဲ့များ၊ ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)နှင့် ဘုရင့်နောင်မှ ကော်မတီဝင်များ၊ အသင်းသူ/အသင်းသားများ၊ ရပ်ဆွေရပ်မျိုးများအားလုံးအား အထူးပင် ကျေးဇူး တင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးမောင်ထွန်းအောင်
### ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)
### ဆေးနှင့်ဆေးပစ္စည်း (ကုန်သွယ်ရေး)
### အသက်(၈၆)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နေ (ဦးတောင်မြို-ဒေါ်မနှင်း)တို့၏သားငယ်၊ ရန်ကုန်မြို့နေ (ဦးဦးစော-ဒေါ်ဖြူ)တို့၏ သားသမက်၊ ဒေါ်စောစော၏ ချစ်လှစွာသော ကျေးဇူးရှင်ခင်ပွန်း၊ [ဦးကျော်စိုးဝင်း (နည်းပြ၊ ပထဝီဝင်ဌာန)]၊ ဒေါ်မိုးစန္ဒာအောင် (လက်ထောက်ညွှန်မှူး၊ ပင်စင်ဦးစီး ဌာန)၊ ဒေါ်မိုးအိန္ဒာအောင် (ဦးစီးအရာရှိ၊ သ/မဦးစီးဌာန)၊ ဒေါ်မိုးမာလာအောင် (လက်ထောက် မန်နေဂျာ၊ ဗန္ဓုလ)တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီးသည် ၈-၅-၂၀၂၃ (တနင်္လာနေ့) ည ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၂၃ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေး သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၅-၂၀၂၃ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ တိုက် (၂၁)၊ အခန်း (၃၁)၊ မလိခအိမ်ရာ၊ ရတနာလမ်း၊ သဃ်န်းကျွန်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေး ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသူရကျော်(သန်လျင်)
### ဖြိုးဖြိုးဖိနပ်ဆိုင်၊ မြို့မဈေး၊ သန်လျင်မြို့
### အသက် (၅၀)

သန်လျင်မြို့နေ [ဦးငွေးမြင့်-ဒေါ်သန်းရွှေ(ဒေါ်သန်းရွှေအထည်ဆိုင်)] တို့၏ မြေးကြီး၊ သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ အနန္တမေတ္တာလမ်း၊ အမှတ်(၁၄၅)နေ (ဦးအောင်ကျော်-ဒေါ်သန်းအုံ)တို့၏ သားကြီး၊ (ဦးထွန်းလှ-ဒေါ်ခင်လှ)တို့၏ သားသမက်၊ ဦးဇော်မင်းအောင်-ဒေါ်ဖြိုးဖြိုးကျော်၊ ဦးမျိုးစည်သူကျော်-ဒေါ်ခန့်ခန့်ကိုတို့၏ အစ်ကိုကြီး၊ ဒေါ်ခင်ချိုစန်း(ဖြိုးဖြိုးဖိနပ်ဆိုင်-မြို့မဈေး၊ သန်လျင်)၏ ခင်ပွန်း၊ မထက် အိန္ဒြေလင်း၏ ကျေးဇူးရှင်မွေးသဖခင် ဦးသူရကျော်သည် ၁၀-၅-၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၃ (သောကြာနေ့) နံနက် ၉:၃၀ နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်နှင့် မြို့မဈေးကြီး ဖြိုးဖြိုးဖိနပ်ဆိုင်တို့မှ ကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက် ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

---

❖ **ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းဟာ အနာဂတ်နိုင်ငံတော်၊ ဒီမိုကရေစီစနစ်အတွက် များစွာ အခိုင်အမာ ဖြစ်စေပါလိမ့်မယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်) ၄-၁-၂၀၂၃

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန် နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက် သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

**ယနေ့ ဖတ်စရာ**

**PDF အမည်ခံအကြမ်းဖက်သမားများက ရွှေဘိုမြို့နယ် ဇီးဖြူကုန်းကျေးရွာအတွင်းသို့ လက်လုပ်စိန်ပြောင်းများဖြင့် ရမ်းသန်းပစ်ခတ်ပြီး လူနေအိမ်များကို အကြောင်းမဲ့မီးရှို့ဖျက်ဆီး၍ လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် အပြစ်မဲ့ အမျိုးသားငါးဦး သေဆုံးခဲ့ပြီး အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ကာ နေအိမ်ခုနစ်လုံး မီးလောင်ပျက်စီးဆုံးရှုံး**

စာမျက်နှာ » ၁၄

---



## ဖိလစ်ပိုင်ကို အနိုင်ယူပြီး မြန်မာ ယူ-၂၂ အသင်း ဆီမီးဖိုင်နယ် တက်ရောက်

ရန်ကုန် မေ ၁၀

(၃၂)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(က) နောက်ဆုံးနေ့ကို မေ ၁၀ ရက်က ဆက်လက်ကျင်းပရာ မြန်မာအသင်း နိုင်ပွဲရရှိပြီး ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။

အုပ်စု(က) နောက်ဆုံးနေ့တွင် မြန်မာအသင်းက ဖိလစ်ပိုင် အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ အင်ဒိုနီးရှားအသင်းက အိမ်ရှင် ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ဒုတိယပိုင်းတွင် သွင်းယူသည့် တစ်လုံး တည်းသောဂိုးဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ် တက်ရောက် နိုင်ခဲ့သည်။

**ပိတ်သွင်းယူ**

ပထမပိုင်းတွင် ဂိုးမရသည့် မြန်မာအသင်းသည် ဒုတိယ ပိုင်းတွင် တိုက်စစ်ပိုမြှင့်လာပြီး ၅၅ မိနစ်တွင် တစ်လုံးတည်းသော အနိုင်ဂိုးရခဲ့သည်။ ပယ်နယ်တီ ဧရိယာစည်းထိပ်၌ရရှိသည့် ပြစ်ဒဏ်ဘောကို ဟိန်းထက်အောင် ကန်သွင်းရာ ဘားထိပြီး ပြန်ထွက်လာသည့် ဘောလုံးကို သက်ဟိန်းစိုးက ပိတ်သွင်း ယူခဲ့ခြင်းဖြစ်သည်။

သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - MFF

---

## ဆီးဂိမ်း ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲ အမျိုးအစား အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲနှစ်ခုစလုံးတွင် မြန်မာအသင်း ရွှေတံဆိပ်ဆုဆွတ်ခူး

ရန်ကုန် မေ ၁၀

(၃၂)ကြိမ်မြောက် ဆီးဂိမ်းပိုက်ကျော်ခြင်းပြိုင်ပွဲ ပထမနေ့ကို မေ ၁၀ ရက်က စတင်ကျင်းပရာ ကွင်းသွင်းခြင်းခတ် အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲနှစ်ခုစလုံးတွင် မြန်မာအသင်း ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့သည်။

ပိုက်ကျော်ခြင်းပြိုင်ပွဲ ပထမနေ့တွင် ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲအမျိုးအစား ကျင်းပခဲ့ပြီး မြန်မာအသင်းများမှာ ပြိုင်ပွဲနှစ်ခုစလုံးတွင် အောင်မြင်မှုရယူနိုင်ခဲ့ခြင်း ဖြစ်သည်။ စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ○

